AUNG SI NAY MYO
PUBLISHING HOUSE



# အောင်စည်နေမျိုး

# အောင်မြင်သောပုဂ္ဂိုလ်
# ခိုင်မာသောစိတ်ဓာတ်

## ဘဝအောင်မြင်ရေးစာစုများ

သရုပ်ဖော်ပန်းချီနန္ဒာလှိုင်

## အောင်စည်နေမျိုး

# အောင်မြင်သောပုဂ္ဂိုလ်
# ခိုင်မာသောစိတ်ဓာတ်

**အောင်စည်နေမျိုးစာအုပ်တိုက်**
အမှတ် ၃၀၂-တိုက် ၅၊ ၁ လမ်း(အေ)၊
ယုဇနဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၆၀၈၃၉၀၁၀

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | - | တင်မြင့်ဦး |
| မျက်နှာဖုံးဒီဇိုင်း | - | ပန်းချီနန္ဒာလှိုင် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| အဖုံးနှင့်အတွင်း CTP | - | SUNN |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် | - | ဒေါ်စန္ဒာ (၀၁၁၂၁) Happy Colour Printing အမှတ် ၂၁(ဘီ)၊ ရန်ပြေ(၁၂)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးနေမျိုး အောင်စည်နေမျိုးစာပေ (၀၁၅၇၂) အမှတ် ၃၀၂- တိုက် ၅၊ ၁ လမ်း(အေ)၊ ယုဇနဥယျာဉ်မြို့တော်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | မတ်လ၊ ၂၀၁၉ ခုနှစ် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

**အောင်စည်နေမျိုး**

အောင်မြင်သောပုဂ္ဂိုလ် ခိုင်မာသောစိတ်ဓာတ် /

အောင်စည်နေမျိုး - ရန်ကုန်။

အောင်စည်နေမျိုးစာပေ၊ ၂၀၁၉။


၉၂ - စ။ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) အောင်မြင်သောပုဂ္ဂိုလ် ခိုင်မာသောစိတ်ဓာတ်

## မာတိကာ


| | | |
|---|---|---|
| ၁။ | မြမှုဆိုး | ၃ |
| ၂။ | အိပ်မက်ကျွန်းမှာ ထွန်းသည့်နေ | ၂၁ |
| ၃။ | ထွန်ယက်ခြင်းအနုပညာ | ၃၅ |
| ၄။ | နင်လားဟဲ့ ဇရာ | ၄၃ |
| ၅။ | ခွက်တစ်လုံး၏ရာဇဝင် | ၆၁ |
| ၆။ | ဝေဟင်ထဲမှာ | ၈၁ |

မြမုဆိုး




ကျုပ် သေသေချာချာကို ယုံတယ်။

သေသေချာချာကို သိတယ်။

## မြမုဆိုး

မြေဆီ၊ မြေခဲတွေ နီနီရဲနေလေသည်။ မြေစာမို့မို့ပေါ်တွင် လူရွယ် တစ်ယောက် မတ်မတ်ရပ်လျက် ရှိ၏။ လက်အိတ်မပါ၊ လက်ဖဝါးတွင် မြေနီမှုန့်၊ မြေနီစတွေ တွယ်ကပ်ငြိတွယ်နေသည်။

သူ့ရုပ်သွင်ကို ရှုပါဘိ။ ဆံပင်က စုတ်ဖွားဖွား။ အရပ်က ကလန် ကလား။ သို့သော် သူ့လှုပ်ရှားမှုတွေက အားမာန်ပါသည်။ ရွှံ့ထဲမှာ လျှောက်ပြေးနေသော ကလေးတစ်ယောက်နှင့်ပင် တူနေပေတော့သည်။

သို့သော် သူ့အသက်ကား မငယ်တော့။ (၃၈) နှစ်ရှိပြီ။ ကလေး တစ်ယောက်၏ ဖခင်။ သို့သော် မိသားစုသံယောဇဉ်အတွယ်အတာတို့ သည် သူ့အပါးမှ ဖယ်ခွာသွားခဲ့ပြီ။ မြောက်ကာရိုလိုင်းနားရှိ ဤမြေပြင် အရိုင်းတွင် သူ့ဘဝတစ်ခုလုံးကို မြှုပ်နှံပစ်ခဲ့သည်။ (၁၁) နှစ်ပင် ရှိလေပြီ။

မိဘပေးထားသော သူ့အမည်မှာ 'ဂျိမ်းကင်ဟေး'။ သို့သော်

ပတ်ဝန်းကျင်က သိကြသည်မှာ 'ကျောက်ရှူး'။ သည်ကျောက်ရှူးကား တစ်ယောက်တည်းရှူးရုံနှင့် အားရပုံမပေါ်။ သူ့တွင်ရှိသော တစ်ပတ်ရစ် မြေတူးစက်ကို မြို့အနှံ့ လျှောက်မောင်းသည်။ လယ်သမားများ၏ အိမ် တံခါးကို ခေါက်သည်။ အသံစွာကျယ်စွာကျယ်နှင့် အပ်ကြောင်းထပ်နေပြီ ဖြစ်သော သူ့ဓာတ်ပြားဟောင်းကြီးကို ဖွင့်သည်။

"ဟော့လူတွေ . . . ကျုပ်ပြောတာ နားထောင်စမ်းပါဗျ၊ ခင်ဗျား တို့ရဲ့ ကျွဲတွေ၊ နွားတွေ၊ သီးနှံတွေကို လယ်ကွင်းထဲက ဖယ်ပစ်စမ်းပါဗျာ၊ ပြီးတော့ ကျောက်တူးကြ၊ သေချာပေါက် ကျောက်တွေရမှာပါ"

လယ်သမားများကား စိတ်မဆိုးကြ။ ထုံးစံလို ဖြစ်နေပြီ။ သူ့ မျက်နှာကို စေ့စေ့ကြည့်၍ ရယ်မောပစ်လိုက်ကြသည်။ ကျောက်ရှူးတစ် ယောက်၏စကားကို ယုံစား၍မဖြစ်။ ဒုက္ခရောက်သွားနိုင်သည် မဟုတ် လား။

သို့သော် 'ကျောက်ရှူး' ခေါ် 'ဂျိမ်းကင်ဟေး' ၏ ယုံကြည်ချက် ကား ပြင်းထန်လွန်းလှသည်။ ရယ်သံတွေကို သူမမှု။ နောက်မတွန့်။ လှုပ်ရှားမှုတွေက သွက်လက်ဆဲ၊ မြန်ဆန်ဆဲ။

❑

စင်စစ် 'ဟေး' ကျောက်တူးဖော်နေသော မြောက်ကာရိုလိုင်းနား နယ် "ဟက်ဒင်နိုက်" မြို့ကလေးအနီး ဤမြေရိုင်းလွင်ပြင်သည် ကျောက် သမားများနှင့် စိမ်းခဲ့သည်တော့ မဟုတ်ပါ။ "ဟက်ဒင်နိုက်" သို့ ကျောက် တူးသမားများ ဝင်ရောက်ခဲ့သည်မှာ ၁၈၇၀ ပြည့်လွန်ကာလများကပင် ဖြစ်၏။

ဤကာလက လျှပ်စစ်ဖခင် သောမတ်အက်ဒီဆင်သည် လျှပ်စစ်မီးလုံး၏ မီးစာအဖြစ် အသုံးပြုရန် ပလက်တီနမ်ကို ရှာဖွေရန် သိပ္ပံပညာရှင် 'ဝီလျံအားလ်' ကို ဤဒေသသို့ စေလွှတ်ခဲ့ဖူးသည်။ သို့သော် ပလက်တီနမ်ကို မတွေ့ခဲ့။ သို့သော် မြကျောက်အပါအဝင် သတ္တုအတော်များများကို တွေ့ခဲ့ရကြောင်းကိုမူကား မှတ်တမ်းတင်ခဲ့လေသည်။

ဤသတင်းကြောင့်ပင် ကျောက်တူးသမားများစွာသည် ဤမြေပေါ်သို့ အုံနှင့်ကျင်းနှင့် ရောက်လာကြသည်။ မျှော်လင့်ချက်ကြီးစွာနှင့် နေရာအနှံ့ကို တူးဆွကြသည်။ သို့သော် မှန်းချက်နှင့် နှမ်းထွက်မကိုက်ခဲ့။ ရတနာအစိုင်အခဲများကို ပိုင်ဆိုင်မှုမရနိုင်ခဲ့။ 'ဟက်ဒင်နိုက်' မြေပေါ်တွင် သံချေးတက်ပျက်စီးနေသော စက်ကိရိယာများသာလျှင် ကျန်ရစ်ခဲ့လေသည်။

ကျောက်တူးခြင်းဟူသည် လွယ်ကူသော ကိစ္စမဟုတ်ပါ။ ပစ္စည်းကိရိယာကောင်းကောင်း ရှိရမည်။ လုံလောက်သော ငွေကြေးရှိရမည်။ ပြည့်စုံသော ခွန်အားရှိရမည်။ အဓိကမှာ အောင်မြင်မှုအတွက် ပေးဆပ်ရမည့် ဆုံးရှုံးခြင်းများကို ကြံ့ကြံ့ခံနိုင်သော ခိုင်မာသော စိတ်ဓာတ်ရှိရမည်။ သည်လိုအပ်ချက်များနှင့် ပြည့်စုံရန်မှာ လွယ်ကူသော ကိစ္စမဟုတ်။ ထို့ကြောင့်ပင် ကျောက်တူးသမားအများစုသည် လွယ်လွယ်ပင် လက်မြှောက်အရှုံးပေးသွားကြခြင်း ဖြစ်၏။

❑

'ဂျိမ်းကင်ပေား' ကား ဤမြေကို စိတ်ဝင်စားသည်။ စွန့်စားကြည့်ချင်သည်။ သူ့စွန့်စားလိုစိတ်မှာ ငွေလိုချင်၍သက်သက်တော့ မဟုတ်။

ဥစ္စာရှူးရှူး၍လည်း မဟုတ်။ အဘယ်ကြောင့်ဆိုသော် ပုံမှန်စီးပွားရေး အမြင်ဖြင့် တွက်ချက်သည်ထားဦး။ ကျောက်မျက်ရတနာတွေ ရနိုင်သည် ထားဦး။ တူးဖော်ခွင့် မြေပါမစ်၊ လုပ်ငန်းသုံးပစ္စည်းများ စသည့် ကုန်ကျ စရိတ်တို့သည်ပင် ဒေါ်လာ (၂) သန်းအထက်တွင် ရှိနေလေသည်။ ဤ ကုန်ကျစရိတ်အဝဝကို မည်သည့်နည်းနှင့်မျှ မကာမိနိုင်ဟု ကျွမ်းကျင် သူတွေ တွက်ချက်ကြလေသည်။

ဤသည်ကို ကင်ဟေးသိသည်။ သို့သော် စွန့်စားလိုစိတ်က သူ့ကို အနိုင်ယူလေသည်။

(၁၉၆၆) တွင် လူအများစွန့်ပစ်ခဲ့သော ဤသတ္တုတွင်းမြေနေရာ ကို လေလံတင်ခဲ့သည်။ 'ဟေး' သည် ဤလေလံပွဲတွင် ဝင်နွှဲခဲ့လေသည်။ စုတ်ပြတ်နေသော မြေပုံဟောင်းပေါ်တွင် မြေကွက်များကို တစ်ကွက်ပြီး တစ်ကွက် မှတ်သားလိုက်လေသည်။ စုစုပေါင်း ဟက်တာလေးဆယ်ပင် ရှိသွားလေသည်။

ဤမြေပေါ်တွင် ကျောက်တူးခြင်းလုပ်ငန်းကို 'ဟေး' လုပ်သည်။ အဖော်အပေါင်းမရှိ။ စက်ကိရိယာများသာ ရှိသည်။ သူကား တစ်ကိုယ် တော် ကျောက်တူးသမား။

❑

'ဟေး' ၏ ကျောက်တူးခြင်းလုပ်ငန်းကား အစမှာပင် ယဉ်လှ သည်။ ဒေါ်လာနှစ်သိန်း ချက်ချင်းကြွေးတင်သွားလေသည်။ သို့သော် 'ဟေး' ကား နောက်မတွန့်။ စွန့်စားလိုစိတ်တို့ လျော့မသွား။ သူ့ပုံစံသည် မြေတူးသမားနှင့် တစ်စတစ်စ တူလာတော့သည်။ ထို့အတူ ပေးဆပ်

လိုက်ရသည့် ဆုံးရှုံးခြင်းတွေက ထပ်ကြပ်မကွာ လိုက်လာတော့သည်။ တက္ကသိုလ်ပညာရေးကို စွန့်ခွာခဲ့ရသည်။ အိမ်ထောင်ပြိုကွဲခဲ့ရသည်။

ဤမျှ ဒုက္ခခံပေးဆပ်ခြင်းကို ပြုနေသည့် လူရွယ်သည် စင်စစ် ဂုဏ်သရေရှိ ဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသူဖြစ်သည်။

'ပေး' ၏ အဖေဘက်မှ အဘေးကြီး 'နသန်နီယယ်ပေး' သည် အမေရိကန် ကော်လိုရာဒိုပြည်နယ်မှ အထက်လွှတ်တော်အမတ်တစ်ဦး ဖြစ်ခဲ့သည်။ ရွှေ ငွေ၊ သတ္တုတွင်းများဖြင့် ချမ်းသာလာသူတစ်ဦးဖြစ်သည်။

မိခင်ဘက်မှ အဘိုး 'အာ. ဝိုင်. ရှပ်' သည်လည်း စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ 'ပေး' ၏ စွန့်စားလိုစိတ်သည် အဘိုးရှပ် ဆီမှ အမွေရခဲ့ဟန်တူသည်။ ၁၉၂၀ လွန် ကာလများက အဘိုး 'ရှပ်' သည် လေယာဉ်ဖြင့် ကုန်စည်ပို့ဆောင်သော အလုပ်ကို လုပ်ခဲ့လေသည်။ (၂) နှစ်ခန့် စွဲစွဲမြဲမြဲ လုပ်ခဲ့သည်။ လူအများက အဘိုးကို နောက်ပြောင် ခဲ့သည်။ ဝေဟင်မှာ ပျော်သော အဘိုးသည် မြေပြင်သို့ ဘယ်သောအခါမှ ပြန်ရောက်လိမ့်မည်မဟုတ်ဟု။ အမှန်ပင် အဘိုး၏ အချိန်အများစုသည် နိုင်ငံအနှံ့ ဂျုံခင်း၊ ပြောင်းခင်းများပေါ်တွင် ပျံသန်းရင်း ဝေဟင်တွင်ပင် ကုန်လွန်ခဲ့သည်။

ယခု အဘိုး၊ အဘေးတို့၏ စွန့်စားခြင်းအမွေကို 'ပေး' ဆက်ခံ လေပြီ။

❑

ကြွေးပတ်ချာလယ်ဝိုင်းနေသော ဘဝ။
လှောင်ပြောင်ရယ်မောသံတွေ ညံနေသော ဘဝ။

**အောင်စည်နေမျိုးစာအုပ်တိုက်**

သို့သော် ဂျိမ်းကင်ပေး၏ ယုံကြည်မှုကား အနည်းငယ်မျှ လျော့မသွား။ စိတ်ဓာတ်ကား ဒေါင်ဒေါင်မြည် မာကျောဆဲ။

သို့သော် ယုံကြည်မှုပြင်းထန်သူ၊ စိတ်ဓာတ်ခိုင်မာသူတစ်ယောက်အား ကံကြမ္မာသည် မျက်နှာသာပေးခဲ့လေသည်။ လှောင်ပြောင်ရယ်မောသံများကို မြှုပ်နှံပေးခဲ့လေသည်။ ထိုအချိန်ကား ၁၉၉၈၊ နိုဝင်ဘာ၏ နေ့တစ်နေ့။

ထိုနေ့က သူ့ဝန်းကျင်ရှိ တောအုပ်သည် ခါတိုင်းထက် ငြိမ်ဆိတ်နေသည်။ ရာသီဥတုက ချမ်းစိမ့်စိမ့်။ သတ္တုတွင်းထဲရောက်နေသော 'ပေး' သည် လက်လက်တောက်နေသော သတ္တုကြောတစ်ခုကို တွေ့နေရပြီ။ သုံးမီတာအနက်မှာ။ အပိုင်းအစတစ်ခုကို သူဖဲ့ယူသည်။ သူ့ရင်သည် ဒိတ်၊ ဒိတ် ခုန်၏။ ဂျင်းဘောင်းဘီအိတ်ကို လက်နှိုက်သည်။ မီးခြစ်ကို ယူသည်။ ခြစ်သည်။ လက်တစ်ဖက်ဖြင့် တွင်းထဲမှာ ဟိုသည် စမ်းကြည့်သည်။ အမှောင်ထုထဲမှာ နှစ်ပေါင်းသန်းချီ၍ ပုန်းကွယ်နေသော ပစ္စည်း။ ယခု ပုန်းနေ၍မရတော့။ ယုံကြည်မှုပြင်းထန်၍ စိတ်ဓာတ်ခိုင်မာသူတစ်ယောက်ကို အရှုံးပေးလိုက်ရလေပြီ။

တွင်းနံရံသည် သလင်းကျောက်နှင့် ဂေါမိတ်ကျောက်တို့၏ အရောင်ကြောင့် ရွှန်းစိုတောက်ပနေသည်။ 'ပေး' သည် ရွှံ့ထဲမှ ကျောက်တစ်တုံးကို ထုတ်ယူသည်။ ဂရုစိုက်၍ ရေစင်ဆေးသည်။ မြကျောက်မှ မြကျောက်အစစ်။

"ကျောက်ရှူး" တဲ့။

အသံတွေ ပွဲတင်ထပ်လာသည်။ ခုတော့ လှောင်ပြောင်ရယ်မောသံတွေ ရပ်တော့မည်။

❑

လှောင်ရယ်သံတွေ ရပ်သွားသည်။

'ဂျိမ်းကင်ဟေး' ၏ အသွေးအမွေးလည်း တစ်ကိုယ်တည်းလည်း မဟုတ်တော့။ ကျောက်တွင်းမြေပေါ်တွင် လုံခြုံရေးအတွက် 'ဟေး' ငှားရမ်းထားသော အေကေ ၄၇ သေနတ်ကိုင်အစောင့်များ ဝိုင်းရံနေလေပြီ။

သို့နှင့် ဆယ်ရက်ကြာတူးဖော်အပြီးတွင် ကျောက်တွင်းနှုန်း ကျသွားသည်။ သို့သော် သူမမှုပြီ။ မြကျောက် ကာရက် (၃၀၀၀) ကျော်ကို သူတူးဖော်ရရှိခဲ့ပြီ ဖြစ်သည်။ သို့သော် 'ဂျိမ်းကင်ဟေး' ကား အချို့သော စိတ်ကူးယဉ်သမားများလို မကြွားတတ်ပါ။ မြကျောက်တွေ တစ်ပုံတစ်ပင် ရထားသည်ဟု အာမချောင်ပါ။ ချမ်းသာခြင်းဟူသော ကံကြမ္မာကို ခွစီးထားသူ 'ဟေး' ကား တည်တည်ငြိမ်ငြိမ်ပင်။

စင်စစ် 'ဟေး' ၏ တွေ့ရှိချက်ကား ရင်သပ်အံ့ဩဖွယ်ရာကောင်းလှသည်။ သူရရှိပိုင်ဆိုင်ခဲ့သော ကျောက်မျက်ရတနာများမှာ ရတောင့်ရခဲပစ္စည်းများသာ ဖြစ်၏။ (အရည်အသွေးကောင်းသော မြသည် စိန်ထက်ပင် တွေ့ရခဲလေသည်။) 'ဟေး' ရသော မြများမှာ မြောက်ကာရိုလိုင်းနားတွင် တွေ့လေ့တွေ့ထရှိသော မြများလို အရောင်ဖျော့ဖျော့၊ သေးသေးမွှားမွှား မဟုတ်။ အရောင်ရင့်ရင့်၊ အလုံးကြီးကြီး၊ စံချိန်မီ လက်ရွေးစင် မြများသာ ဖြစ်လေသည်။

'ဟေး' က သူရရှိခဲ့သော မြများကို တော်ဝင်အမည်များပေးကာ သွေးထားလေသည်။ (၇ ဒသမ ၈၅) ကာရက်ရှိသော မြကို "ကာရိုလိုင်းနားမင်းသား"၊ (၃ ဒသမ ၃၇) ကာရက်ရှိသော မြကို "ကာရိုလိုင်းနားမင်းသမီး"၊ (၃ ဒသမ ၄၀) ကာရက်ရှိသော မြကို "ကာရိုလိုင်းနား နှလုံးအိမ်"။ မြကြီးတစ်လုံး ရှိသေးသည်။ (၁၈ ဒသမ ၈၈) ကာရက်ရှိသော မြ။ ၎င်းကား "ကာရိုလိုင်းနားဘုရင်မ"။ "ကာရိုလိုင်းနား

ဘုရင်မ" ကား ယခင် မြောက်အမေရိကသမိုင်းတွင် အကောင်းဆုံးဟု သတ်မှတ်ထားသော "တစ်ဖနီ" ဟူသော မြထက် ၅ ကာရက် ပိုကြီးသည်။ 'ပေား' တွင် အကြီးဆုံး ဧရာမမြကြီးတစ်လုံး ရှိသေးသည်။ "ကာရိုလိုင်းနား ဧကရာဇ်" ဟု အမည်ပေးထားသည်။ (မသွေးရသေး။ အရိုင်းတုံး ဘဝမှာပင် ရှိသေးသည်။ သို့သော် ကျောက်အရိုင်းဘဝမှာပင် တန်ဖိုး အလွန်ကြီးလှသည်။)

ကျောက်မျက်ကျွမ်းကျင်သူများ၏ စကားအရဆိုလျှင် ကမ္ဘာ့ အကောင်းဆုံး မြများမှာ ဆယ်ကာရက်ရှိသော မြပင်လျှင် တစ်ကာရက် ကို ဒေါ်လာ (၂၅၀၀၀) ခန့်ရသည်။ 'ပေား' က ကာရိုလိုင်းနားမင်းသား ကို တစ်ကာရက်ကို ဒေါ်လာ (၆၄၀၀၀) ဖြင့် ရောင်းချခဲ့သည်။ မြောက် အမေရိက ကျောက်သမိုင်းတွင် ဈေးအကောင်းဆုံးရသော မြဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ဤကဲ့သို့ မြမျိုးကို တွေ့ရှိရန်မှာ ဖြစ်တောင့်ဖြစ်ခဲကိစ္စသာ ဖြစ်သည်။ မက်ဟင်တန်မြို့လယ်ခေါင်တွင် ရေနံတူးရသည်နှင့် တူလှပေမည်။ လုံးဝမလွယ်ကူ။ အရည်အသွေးကောင်း သော မြကို လိုချင်လျှင် ဇမ်ဘီယာ၊ ဘရာဇီးနှင့် ကိုလံဘီယာ တို့ကိုသာ သွားရမည်။ တစ်နှစ်တာ ကမ္ဘာ့မြထွက်ရှိမှု၏ (၆၀%) သည် ကိုလံဘီယာ နိုင်ငံမှ ဖြစ်သည်။ သို့သော် ကိုလံဘီယာမြကား သေးငယ်လွန်းလှသည်။ မြချစ်သူများ၏ လိုအင်ကို ဖြည့်ဆည်းရန် မတတ်နိုင်ပေ။

❑

ယခု 'ပေား' သည် ပင်မမြကြောကြီးတစ်ခုကို တွေ့ရှိထားသည် ဟု ယုံကြည်နေလေသည်။ 'ပေား' မြတူးနေသော နေရာမှာ မြောက်ကာရို

လိုင်းနားနယ်၊ ဘရူရှိုင်းတောင်တန်းကြီး၏ တောင်ခြေတွင် ဖြစ်သည်။ သူယုံကြည်သည့်အတိုင်းသာ မှန်ကန်ခဲ့ပါက လူဦးရေ (၁၇၀၃) ဦးရှိသည့် "ဟင်ဒင်နိုက်" မြို့ကလေး၏ အောက်ခြေတွင်ပင် မြကြောကြီး ရှိလိမ့်မည်။

"ဟက်ဒင်နိုက်" မြို့ကလေးကို ရောက်ရန် အဝေးပြေးလမ်းမကြီးနှစ်ခုအနက် တစ်ခုဖြစ်သော အနောက်မြောက် ရှားလော့မှ တစ်နာရီကြာ ကားမောင်းသွားရသည်။ ဟိုသည် ပြန့်ကျဲနေသော ကြက်ခြံများ၊ နွားစားကျက်များ၊ နောက်တွဲယာဉ်စခန်းများကို ဖြတ်ကျော်သွားရသည်။

"ဟက်ဒင်နိုက်" ၏ မြေအနေအထားကား ဤကမ္ဘာဂြိုဟ်ပေါ်တွင် ဘူမိဗေဒဘာသာရပ်ကိုပင် ခေါင်းရှုပ်အောင် လုပ်နိုင်သော နေရာဖြစ်သည်။

အကြမ်းဖျင်း ကောက်ချက်ဆွဲမည်ဆိုပါက လွန်ခဲ့သော နှစ်သန်းပေါင်း (၁၀၀) နှင့် (၆၀၀) ကြားတွင် ကမ္ဘာ့ကျောက်လွှာများ ရွေ့လျားမှုကြောင့် မြေပြင်အက်ကွဲခဲ့ရသည်။ ပြီးနောက် သတ္တုများပါဝင်နေသော အက်ကွဲကြောင်းမှ ရေများသည် ဖိအားကြောင့် မြေအောက်ရေပူစမ်းချောင်းများဖြစ်ပေါ်ကာ ဓာတ်ငွေ့များ ထွက်လာခဲ့သည်။ ဓာတ်ငွေ့များသည် မြေအောက်ပြတ်ရွေ့ကြောနှင့် ပတ်ကြားအက်များအတွင်း ပြန်လည်အေးခဲသွားကာ ပုံဆောင်ခဲများ ဖြစ်လာကြပြန်သည်။ အများအားဖြင့် အရောင်မရှိသော သတ္တုပစ္စည်းများ ပါဝင်နေသည့် စမ်းချောင်းအတွင်းမှ ရေများသည် အရောင်ပါသော ခရိုမီယမ်ကျောက်ဆောင်ကျောက်တုံးများကိုဖြတ်၍ စီးဆင်းသွားသည်။ ထိုအခါ မြကျောက်များ ဖြစ်ပေါ်လာသည်ဟု ဆိုလေသည်။

သလင်းကျောက်နှင့် လချေးကျောက်တို့သည်လည်း အဝါရောင်

လီမွန်နိုက်၊ ရွှံ့တို့နှင့် ရောနှောသွားတတ်သည်။ ၄င်းတို့ကို သွားထိလျှင် အဝါရောင် ပန်းဝတ်မှုန်များကဲ့သို့ လက်ချောင်းတွင် ပေကျံတတ်လေသည်။

❑

ပေါ်ပလာပင်၊ ဝက်သစ်ချပင်တို့အကြားမှ ပြေးဝင်သွားသော ကျောက်ခင်းလမ်းလေးသည် 'ပေး' ၏ သင်္ချိုင်းတွင်းဆီသို့ ဦးတည်နေလေသည်။ လီမွန်နိုက်ကျောက်တို့၏ အရောင်ကြောင့် လမ်းကလေးသည် ဝါထိန်နေလေသည်။ 'ပေး' က ဤလမ်းကလေးကို "မြို့တော်သို့သွားသော အဝါရောင်လမ်းကလေး" ဟု ကဗျာဆန်ဆန် အမည်ပေးထားလေသည်။ ကဗျာဆန်ဆန် တွေးတတ်သော 'ပေး' သည် အထူးအဆန်း ပစ္စည်းများကိုလည်း စိတ်ဝင်စားတတ်လေသည်။ သူ့တွင် သံသေး၊ သံကြောင်နှင့် အော်တတ်သော နာရီတစ်လုံးလည်း ရှိသေးသည်။ နာရီထိုးသည့်အခါတိုင်း နာရီကလေးသည် "ကျွန်တော်တို့ မှော်ဆရာကြီးကိုတွေ့ဖို့ ထွက်ခွာသွားကြပါတယ်" ဟု အော်တတ်လေ၏။

ဆောင်းပါးရှင် ဝီလျံသည် ဤမြေနေရာတွင်ပင် 'ပေး' နှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့လေသည်။ ကျောက်ရိုင်းတုံးများကို ကြွေးဆပ်ရန်အတွက် ရောင်းချခဲ့ရခြင်းနှင့်ပတ်သက်၍ 'ပေး' က 'ဝီလျံ' ကို ရင်ဖွင့်ခဲ့လေသည်။

"တကယ်တော့ ကျောက်ကို အရိုင်းအတိုင်းရောင်းရတာ သိပ်နစ်နာတယ်ဗျာ၊ သွေးပြီးသားထက် လေးဆ၊ ငါးဆ တစ်ခါတစ်ခါ ဆယ်ဆလောက် ဈေးနှိမ်ခံရတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က မမှုပါဘူး၊ ဘာလို့လဲ

ဆိုတော့ ကျုပ်က မြကြောကြီးပေါ်မှာ ခွထိုင်ထားတာကိုးဗျ၊ ဒါတွေကို ကျုပ် ဘယ်အချိန်တူးတူး ရနိုင်ပါတယ်"

'ဟေး' သည် ယုံကြည်မှုအပြည့်နှင့် ဝီလျံကို ပြောခဲ့လေသည်။ သူ့လုပ်ငန်းစဉ်၊ သူ့ဝါသနာဗီဇနှင့် ပတ်သက်၍လည်း 'ဟေး' က ဆက်ပြောပြန်သည်။

"ကျွန်တော့်လုပ်ငန်းစဉ်အားလုံးကို ကျွန်တော်စနစ်တကျ မှတ်တမ်းတင်ထားတယ်၊ ကျောက်ရဲ့အရည်အသွေးကို ကောင်းသထက်ကောင်းအောင် သန့်စင်ရတယ်၊ ထို့အတူ ကျွန်တော့်ကိုယ်ကိုလည်း အရည်အသွေးပြည့်ဝအောင် ကြိုးစားနေရတယ်၊ ဘဝဟာ ကျောက်တူးတာတစ်ခုတည်း မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ကဗျာကို ဝါသနာကြီးတယ်၊ ကျွန်တော် ကဗျာတွေ ရေးမယ်၊ အနုပညာအလုပ်တွေ လုပ်မယ်၊ ဘဝမှာ အတွေ့အကြုံတွေလည်း အတော်စုံခဲ့ပါပြီဗျာ"

'ဟေး' သည် သူ့ကျောက်တွင်းမြေကို ငေးမောရင်း ပြောနေသည်။

"ဒီနေရာကို ကျွန်တော်လာတော့ လူတွေက ပြောကြတယ်၊ တားကြတယ်၊ ဖုန်တွေက တထောင်းထောင်း၊ ကျောက်ဆောင်တွေက ဗလပွ၊ ဒါကလွဲလို့ ဘာမှမရှိတဲ့နေရာကို ကျွန်တော် ဘာကြောင့်ရောက်လာရသလဲတဲ့၊ တော်တော်အဓိပ္ပာယ်မရှိတဲ့ ကောင်တဲ့၊ ဒါပေမယ့် ခုတော့လည်း အရာရာဟာ အဓိပ္ပာယ်တွေ ပြည့်လို့ပါလားဗျာ"

တစ်ချိန်လုံး တိတ်ဆိတ်စွာ နားထောင်နေသော ဝီလျံသည် 'ဟေး' အား စကားတစ်ခွန်းကိုဖြတ်၍ မေးလိုက်သည်။

"ခုတော့လည်း ဟုတ်ပါပြီ၊ ဒါပေမယ့် ဒီနေရာမှာ ဒီလိုမြကျောက်မျိုးသာ ရှိမနေရင် ခင်ဗျားဘဝမှာ ခင်ဗျားဘာလုပ်မလဲ"

"မဟုတ်တာဗျာ၊ ဘာလို့မရှိရမှာလဲ၊ ရှိကို ရှိရမယ်၊ ကျုပ် သေ သေချာချာကို ယုံတယ်၊ သေသေချာချာကို သိတယ်"

'ဟေး' ၏လေသံမှာ ယုံကြည်ချက်နှင့်အတူ တည်ငြိမ်ပြတ်သား နေလေ၏။ ပြောရင်းဆိုရင်းပင် 'ဟေး' သည် သောက်လက်စ စီးကရက် တိုကို ခတ်ဆတ်ဆတ်လေး တောက်ပစ်လိုက်သည်။

မှိန်ဖျော့ဖျော့ ဆည်းဆာရီတွင် မီးပွားများသည် ဖွာရာကျဲ၍ ပျံ့သန်းနေလေတော့သည်။ ။

မူရင်း။ ။ Paige Williams ၏ The Emerald Hunter

# အိပ်မက်ကျွန်းမှာ ထွန်းသည့်နေ

# The Shadowland of Dreams

By Alex Haley



ယခင်က အရိပ်မည်းကြီး။
ယခုတော့ မီးမောင်းကြီးဖြစ်သွားပြီ။
အလင်းရောင်သည် ထိန်ထိန်ညီးညီး။
ဝင်းဝင်းပပ။

## အိပ်မက်ကျွန်းမှာ ထွန်းသည့်နေ

လူငယ်အတော်များများက ပြောကြသည်။ "စာရေးဆရာဖြစ်ချင်သည်" တဲ့။ သည်တော့ သူတို့ကို ကျွန်တော် အားပေးရပါသည်။ "စာရေးချင်စိတ်" နှင့် "စာရေးဆရာဖြစ်ချင်စိတ်" နှစ်ခုအကြား ကွာခြားမှုကို ရှင်းပြရပါသည်။ သူတို့အထဲတွင် အတော်များများသည် စာရေးဆရာဘဝ၏ ကျော်ကြားမှု၊ ချမ်းသာကြွယ်ဝမှုကိုသာ ကွက်၍မြင်ကြသူများ၏။ လက်နှိပ်စက်တစ်လုံးကို တခြောက်ခြောက်ရိုက်ကာ အချိန်များစွာ အညောင်းမိနေသူ စာရေးဆရာတစ်ယောက်၏ဘဝကို မမြင်နိုင်ကြ။ ကျွန်တော်က သူတို့ကို ပြောယူရပါသည်။ စာရေးချင်စိတ် ရှိပါစေ။ စာရေးချင်စိတ်ကို စာရေးဆရာဖြစ်ချင်စိတ်က ပို၍မလွှမ်းမိုးပါစေနှင့်ဟု။

❑

စင်စစ် စာရေးခြင်းဟူသော အလုပ်သည် အထီးကျန်ဆန်သော အလုပ်ဖြစ်သည်။ တစ်ကိုယ်တော် အလုပ်ဖြစ်သည်။ ငွေများများရသော အလုပ်လည်း မဟုတ်ပါ။ ချမ်းသာကြွယ်ဝသော စာရေးဆရာဟူသည် ရှားတောင့်ရှားပါးသာ ဖြစ်၏။ အများစုမှာ ချောင်လည်မှု မရှိကြပါ။ ချမ်းသာကြွယ်ဝသော အောင်မြင်မှုရနေသော စာရေးဆရာအများစု သည်ပင် သည်ခရီးပန်းတိုင်သို့ လွယ်လွယ်နှင့် ရောက်လာခဲ့သူများ မဟုတ်။ လူ့အသိုင်းအဝိုင်းတွင် အရာသွင်းမခံရသော လူသားများအဖြစ် ဆင်းရဲခြင်းကို မိတ်ဆွေဖွဲ့ကာ နှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့ရသူ များ ဖြစ်သည်။ ကျွန်တော်သည်လည်း စာရေးဆရာအများစုထဲတွင် ကမ်း ကုန်အောင် မချောင်လည်သူတစ်ယောက် ဖြစ်ခဲ့ဖူးပါသည်။

ကျွန်တော်၏ မူလအလုပ်ဌာနမှာ အမေရိကန်ကမ်းခြေစောင့် တပ်ဖွဲ့ ဖြစ်၏။ ၎င်းတွင် ကျွန်တော် နှစ်ပေါင်းနှစ်ဆယ်ကျော် အမှုထမ်း ခဲ့ပါသည်။ သို့သော် စာရေးချင်စိတ်တို့က နေမထိ၊ ထိုင်မသာအောင် လွှမ်းမိုးလာသောအခါ ကျွန်တော် အလုပ်ထွက်ခဲ့ပါသည်။ သို့သော် ကျွန်တော့်အတွက် အရှေ့အလားအလာမှာ အားရစရာ မကောင်းလှပါ။

ကျွန်တော့်ရပ်တည်မှုအတွက် ငယ်သူငယ်ချင်းဂျော့ဆင်းကိုသာ အားကိုးရပါသည်။ ဂျော့ဆင်းနှင့် ကျွန်တော်သည် တင်နက်ဆီပြည်နယ် ဟင်းနင်းမြို့တွင် အတူတကွ ကြီးပြင်းနေထိုင်ခဲ့သော သူငယ်ချင်းများ ဖြစ်ကြ၏။ ယခု ဂျော့ဆင်းသည် နယူးယောက်တွင် အခြေချနေပြီ။

သူငယ်ချင်းဂျော့ဆင်းက ကျွန်တော့်အတွက် နယူးယောက်တွင် အိမ်တစ်လုံး ရှာပေးပါသည်။ "ဘုရားစူးရပါစေ့၊ အိမ်ဟုခေါ်ပါသည်" ဟုပြောရမည့် အိမ်မျိုး။ စင်စစ် ဂျော့ဆင်းရှာပေးသော အိမ်ဆိုသည်မှာ သူကြီးကြပ်ရသော အဆောက်အဦကြီးတစ်ခုမှ လွတ်နေသော စတိုခန်း

လေးတစ်ခုသာ ဖြစ်လေသည်။ အခန်းက အေးစိမ့်နေသည်။ ရေချိုးခန်းလည်း မရှိ။ သို့သော် စာရေးဆရာတစ်ယောက်အဖို့ ဤသည်မှာ အရေးမကြီးလှပါ။ ဤအိမ်ဂေဟာသို့ရောက်ပြီး မကြာမီမှာပင် ကျွန်တော်သည် လက်နှိပ်စက်တစ်လုံး ဝယ်လိုက်ပါသည်။ ကိုယ့်ကိုယ်ကို "ငါစာရေးဆရာဖြစ်ပြီ" ဟုထင်ကာ သွေးမြောက်နေပါတော့သည်။

❑

သို့နှင့် တစ်နှစ်ကျော် အချိန်ကြာညောင်းခဲ့သည်။ ကျွန်တော်ရေးသော စာတစ်ပုဒ်တစ်လေမှ မစွံခဲ့။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ကျွန်တော့်အလုပ်အကိုင်ကို သံသယဝင်စပြုလာပြီ။ ဝတ္ထုတစ်ပုဒ်မှ မရောင်းရသည့်ဘဝ။ စားဝတ်နေရေးအတွက် မည်သို့ရပ်တည်ရမည်နည်း။ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် အခက်အခဲကို ကျွန်တော်ရင်ဆိုင်ရလေပြီ။ သို့သော် ခက်သည်က စာရေးချင်စိတ်ကို ကျွန်တော် မျိုသိပ်ချိုးနှိမ်၍ မရ။ နှစ်ပေါင်းများစွာ မွေးမြူပျိုးထောင်လာခဲ့သော ဝါသနာ။ သည်ဝါသနာသည် ဝမ်းတစ်ထွာကို ဖြည့်နိုင်ရန် ခက်ခဲမှန်း ကျွန်တော်သိပါသည်။ ကောင်းကောင်းကြီး သိပါသည်။ သို့သော် "အကယ်၍ သည်အလုပ်ကို မလုပ်ခဲ့လျှင် . . ." ဟူသော အတွေးမျိုးကို ကျွန်တော် မတွေးလို။ စာမရေးဘဲ ကျွန်တော်မနေနိုင်။ ကျွန်တော် ရပ်တည်နေရသော နေရာမှာ မျှော်လင့်ချက်ကို ရေးရေးသာ မြင်ရသော အိပ်မက်ကျွန်းကလေး။

ကျွန်တော် စာရေးချင်သည်။ သည်ကျွန်းလေးမှာ ကျွန်တော်နေရဲရမည်။

❑

တစ်နေ့ ပြောင်းလဲမှုအခွင့်အလမ်းကို ဖော်ဆောင်ပေးမည့် ဖုန်းသံမြည်လာသည်။ ကျွန်တော်မျှော်လင့်ထားသော ဖုန်းခေါ် ဆိုချက်မျိုး မဟုတ်ပါ။ စာအုပ်တိုက်ကိုယ်စားလှယ်တစ်ယောက်ဆီမှ မဟုတ်။ အယ်ဒီတာတစ်ယောက်ဆီမှလည်း မဟုတ်။

ကျွန်တော် မျှော်လင့်ထားသည်နှင့် ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ ၎င်းဖုန်းသံသည် အိပ်မက်ကျွန်းတွင် နေထိုင်သော ကျွန်တော့်အား ၎င်းကျွန်းကို စွန့်ခွာရန် အချက်ပေးသည့် ဥဩသံ ဖြစ်နေလေတော့သည်။

ဖုန်းခေါ် သူမှာ ကျွန်တော်နှင့်အတူ ကမ်းခြေစောင့်တပ်ဖွဲ့တွင် အလုပ်လုပ်ခဲ့သော သူငယ်ချင်းတစ်ဦး ဖြစ်နေလေသည်။ သူသည် ယခု ကယ်လီဖိုးနီးယားတွင် အခြေချနေထိုင်သည်။ သူငယ်ချင်းသည် ကျွန်တော့်တွင် အခက်အခဲတွေ့တိုင်း ငွေအနည်းငယ်စီ ထုတ်ပေးတတ်လေသည်။

"ဟေ့ . . . အဲလက်၊ မောင်ရင့်ဆီက ကိုယ် (၁၅) ဒေါ်လာ ရစရာရှိတယ်ကွ၊ မဆပ်သေးဘူးလား" ဟု နောက်ပြောင်လေ့ရှိသည်။

"ဖြည်းဖြည်းပေါ့ကွာ၊ ငါ့ဝတ္ထုတွေ ရောင်းရရင် ဆပ်မှာပေါ့" ဟု ကျွန်တော်က ပြန်ပြောလေ့ရှိသည်။

ယခု သူငယ်ချင်းသည် ဖုန်းထဲမှနေ၍ ကျွန်တော့်ကို တိုက်တွန်းနေလေသည်။

"အဲလက်ရေ . . . မင်းအတွက် အကြံကောင်းတစ်ခု၊ သတင်းကောင်းတစ်ခု ပေးမယ်ကွာ၊ ခု တို့ဆီက ပြန်ကြားရေးနဲ့ ဆက်ဆံရေး ဌာနမှာ ဝန်ထမ်းတစ်ယောက် လိုနေတယ်ကွာ၊ တစ်နှစ်ကို လစာဒေါ်လာ (၆၀၀၀) လောက် ရမယ်ကွာ၊ မင်းလုပ်ချင်တယ်ဆိုရင် ငါလုပ်ပေးလို့ ရတယ်ကွ"

ကျွန်တော့်ရင်ခုန်သံ မြန်သွားပါသည်။ တစ်နှစ်ကို ဒေါ်လာ

(၆၀၀၀) တဲ့။ ၁၉၆၀ ကာလများက ထိုငွေပမာဏသည် မက်မော လောက်စရာ ကောင်းနေပေသည်။ သည်ပမာဏသည် ကျွန်တော့်အတွက် အခန်းကောင်းကောင်းတစ်ခု ရနိုင်သည်။ ကားလတ်လတ်လေးတစ်စီး ဝယ်စီးနိုင်သည်။ ကျွန်တော့်တွင် တင်ရှိနေသော ကြွေးများကို အကျေ အလည် ဆပ်နိုင်သည်။ အနည်းအပါးလည်း စုဆောင်းမိနိုင်သည်။ သည့် ထက်ပို၍ တွေးရမည်ဆိုလျှင် တစ်ဖက်တစ်လမ်းမှ စာကို အေးအေး ဆေးဆေး ရေးနိုင်သေးသည်။

ကျွန်တော့်ဦးခေါင်းထဲတွင် ဒေါ်လာငွေများ ကခုန်နေလေတော့ သည်။ ရုတ်တရက်ဆိုသလိုပင် အာရုံကို အတွေးတစ်ရပ်က ထိရှလေ သည်။ ကျွန်တော့် ရည်မှန်းချက်။ ကျွန်တော့် အိပ်မက်။ ကျွန်တော်က စာရေးဆရာဖြစ်ချင်သူ။ အချိန်ပြည့် စာရေးနေချင်သူ။ ဝန်ထမ်းအလုပ် နှင့် ဖြစ်မည်မဟုတ်။

"ကျေးဇူးတင်တယ်ကွာ သူငယ်ချင်း၊ အဲဒီအလုပ်ကိုတော့ ငါ မလုပ်ချင်ဘူးကွာ၊ ဒီလိုပဲ ကျပ်ကျပ်တည်းတည်းနဲ့ပဲ စာရေးနေတော့မယ်"

ကျွန်တော့်ပြန်ဖြေသံ။ ကျွန်တော့်ပြန်ဖြေသံကို ကျွန်တော့်နားမှ ကြားလိုက်သံ။

❑

ဖုန်းချသွားပြီ။ အခန်းကျဉ်းလေးထဲတွင် ကျွန်တော်တစ်ယောက် တည်း ဆောက်တည်ရာမရ လှည့်ပတ်လျှောက်နေသည်။ အရူးတစ်ယောက် လို ဖြစ်နေပါတော့သည်။ နံရံကပ်ဗီရိုလေးနားသို့ ကျွန်တော် ရောက်လာ သည်။ ဗီရိုတံခါးကို ကျွန်တော် ဆွဲဖွင့်သည်။ အထဲတွင်ရှိနေသည်က

ဆာဒင်းငါးသေတ္တာလေးနှစ်ဘူး။ အိပ်ကပ်ထဲကို ကျွန်တော် လက်နှိုက်ကြည့်သည်။ ပိုက်ဆံအကြွေ (၁၈) ဆင့်။ ငါးသေတ္တာနှင့် ပိုက်ဆံအကြွေများကို စက္ကူအိတ်တစ်အိတ်ထဲသို့ ကျွန်တော် ထည့်သည်။ ပြီးနောက်တစ်ကိုယ်တည်း ရေရွတ်မိပါသည်။

"တွေ့လား အဲလက်၊ ခုအချိန်ထိ မင်းပိုင်ဆိုင်သမျှဟာ ဒီလောက်ပါပဲကွာ"

ကျွန်တော့်စိတ်ဓာတ်များသည် ကျသည်ထက် ကျလာပါသည်။ တကယ်တော့ ကျွန်တော် မျှော်လင့်နေချင်ပါသည်။ ကျွန်တော် အခြေအနေကောင်းလာပြီဟု ပြောချင်ပါသည်။ သို့သော် ယခုကား ဤလိုပုံစံမျိုး မဟုတ်။ တော်ပါသေးသည်။ သူငယ်ချင်းဂျော့ကို ဖန်ဆင်းပေးသည့်ဘုရားသခင်ကို ကျွန်တော် ကျေးဇူးစကားဆိုရမည်။ သူငယ်ချင်းဂျော့သည် ကျွန်တော့်အခက်အခဲများကို သူနိုင်သလောက် ကူညီရှာလေသည်။

❑

ကျွန်တော့်ဝန်းကျင်တွင် ကျွန်တော်ကဲ့သို့သော ဘဝသမားများရှိပါသေးသည်။ သူတို့ထဲမှ တစ်ယောက်ကား ဂျိုးဒယ်လာနီ။ ပန်းချီဆရာ။ ဒယ်လာနီတွင် ပိုက်ဆံလည်း မရှိပါ။ စားစရာလည်း ချို့ငဲ့ပါသည်။ ဝမ်းရေးပြဿနာကြုံလာတိုင်း ဒယ်လာနီမှာ အိမ်နားရှိ အမဲသားဆိုင်သို့ပြေးရလေသည်။ ဆိုင်ရှင်သည် ဒယ်လာနီအား အမဲရိုးတွင် တွယ်ကပ်နေသော အမဲသားအရွတ်ကလေးများကို ပေးတတ်လေသည်။ ပြီးနောက်သူသည် အသီးအရွက်ဆိုင်သို့ ရောက်ပြန်သည်။ နွမ်းဖတ်နေသော ဟင်းသီးဟင်းရွက်လေးတွေ ရပြန်သည်။ ဒယ်လာနီအတွက် စွပ်ပြုတ်လုပ်ရန်

လုံလောက်ပြီ။

နောက်မိတ်ဆွေတစ်ယောက်ကား ကြည့်ပျော်ရှုပျော်ရှိသော လူငယ်တစ်ယောက်။ သူက အဆိုတော်။ သူ့အမည်က ဟယ်ရီဘယ်ဖွန်တီ။ ဘယ်ဖွန်တီတွင် အနိုင်အနိုင် ကျားကန်ထားရသော စားသောက်ဆိုင်လေးတစ်ခု ရှိသည်။ ဘယ်ဖွန်တီ၏ စားသောက်ဆိုင်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်က နောက်တောက်တောက် ပြောနေသော စကားတစ်ခွန်း ရှိပါသည်။ စားသုံးသူတစ်ယောက် ရောက်လာမှ ဘယ်ဖွန်တီသည် လမ်းကိုဖြတ်၊ ဈေးကိုပြေးကာ ဝယ်ခြမ်းချက်ပြုတ်ရသည်ဟု ဆိုပါသည်။

ဒယ်လာနီနှင့် ဘယ်ဖွန်တီတို့လို လူများသည် ကျွန်တော့်အတွက် စံပြုပုဂ္ဂိုလ်များ ဖြစ်ပါသည်။ သူတို့သည် အိပ်မက်ကျွန်းကလေးတွင် နေထိုင်နိုင်ရန် စွန့်လွှတ်ရဲသော သတ္တိရှိသူများ ဖြစ်ပါသည်။

❑

ပတ်ဝန်းကျင်မှ သင်ခန်းစာများသည် ကျွန်တော့်ရင်အနှံ့ စိမ့်ဝင်ပျံ့နှံ့နေလေသည်။ သည်အချက်အလက်များကို အခြေပြု၍ ကျွန်တော် စာရေးသည်။ စာမူကို အစွံထုတ်နိုင်ရန် ကြိုးစားရသည်။

ထိုစဉ်က လူအများပြောနေကြသည့် ပြည်သူ့အခွင့်အရေး၊ အမေရိကန် လူမည်းများအကြောင်း၊ အာဖရိက လူမည်းများအကြောင်း စသည်တို့ကို ကျွန်တော်ရေးသည်။ ပြီးနောက် ကျွန်တော့်အတွေးများသည် ကျွန်တော့်ငယ်ဘဝဆီသို့ ပြန်ရောက်သွားပြန်သည်။ ဆောင်းခိုငှက်များသည် ဆောင်းရာသီဝင်သည်နှင့် သူတို့၏ မွေးရပ်ဌာနေ တောင်ပိုင်းကို ပြန်သည်နှင့် တူနေပေမည်။ ကျွန်တော့်အတွေးထဲတွင် အတိတ်ပုံရိပ်

တွေ ရောက်လာခဲ့သည်။ ကျွန်တော့်အဘွား၊ ကျွန်တော့်အစ်ကိုဝမ်းကွဲ ဂျော်ဂျီယာ၊ ကျွန်တော့်အဒေါ်များဖြစ်သော အန်တီပလပ်၊ အန်တီလစ်၊ အန်တီတီ။ သူတို့၏အသံများကို ကျွန်တော် ကြားယောင်လာသည်။ ကျွန်တော်တို့ မိသားစုအကြောင်းတွင် ကျွန်တော်တို့ ငွေဝယ်ကျွန်ဘဝသို့ ရောက်ရှိခဲ့ရသည့်အကြောင်းတွေ ဖြစ်သည်။

ဟိုး . . . ယခင်ကာလများက ဤအကြောင်းအရာများကို အမေရိကန်လူမည်းများက မပြောချင်ကြပါ။ ပြောရန် ဝန်လေးတတ်ကြပါသည်။ ထို့အတူ ကျွန်တော်သည်လည်း မျိုသိပ်ထားခဲ့ပါသည်။

သို့သော် တစ်နေ့တွင် "ရီးဒါးဒိုင်ဂျက်" မဂ္ဂဇင်းအယ်ဒီတာများနှင့် ကျွန်တော် နေ့လယ်စာ စားခွင့်ကြုံခဲ့သည်။ သူတို့တွေကို ကျွန်တော့်အဘွား၊ အစ်ကို၊ အဒေါ်တွေ ပြောခဲ့ဖူးသည့် ဇာတ်ကြောင်းလေးတွေကို ပြန်ပြောဖြစ်သည်။ ပြီးနောက် အမေရိကန်ကို သံခြေကျင်းခတ်ခံကာ ရောက်လာခဲ့ရသည့် ငွေဝယ်ကျွန်များအကြောင်း။ သူတို့၏ဇစ်မြစ်ကို ဖော်ထုတ်ရန် ကျွန်တော် စိတ်ကူးရှိကြောင်း စသည်ဖြင့် ဖြစ်သည်။

အယ်ဒီတာများသည် ကျွန်တော့်စကားကို အလွန်စိတ်ဝင်စားကြသည်။ သို့နှင့် နေ့လယ်စာ စားပြီးချိန်တွင် သူတို့နှင့် ကျွန်တော် စာချုပ်တစ်ခု ချုပ်ဖြစ်သွားလေသည်။ (၉) နှစ်ကြာအောင် ပြုလုပ်ရမည့် စီမံကိန်းတစ်ခု။ သူတို့၏ပံ့ပိုးမှုဖြင့် ကျွန်တော့်စိတ်ကူးကို အကောင်အထည်ဖော်ရတော့မည်။

❑

အချိန်တွေ ကြာခဲ့သည်။ ဆင်းရဲဒုက္ခ၏ အရိပ်မည်းကြီးအောက်

မှ ကျွန်တော်လွတ်လေပြီ။ ၁၉၇၆။ ကမ်းခြေစောင့်တပ်ဖွဲ့ကို ခွဲခွာ၍ စာပေနယ်ထဲသို့ ခြေစုံပစ်ဝင်ခဲ့သည်မှာ (၁၇) နှစ်တိတိ။ ကျွန်တော့် စာအုပ် "ဇစ်မြစ်" (Roots) ကို ပုံနှိပ်ထုတ်ဝေလိုက်ကြသည်။

အောင်မြင်လိုက်သည်မှာ ကမ္ဘာကြီးတောင် တုန်သွားသည်။ အောင်မြင်မှု၊ ကျော်ကြားမှု၊ ငွေကြေး . . . အားလုံးသည် ကျွန်တော် နောက်ကို လိုက်လာလေပြီ။ စာရေးဆရာအချို့သာရနိုင်သော ရှားတောင့် ရှားပါး အောင်မြင်မှုကို ကျွန်တော်ရပြီ။ ယခင်က အရိပ်မည်းကြီး။ ယခု တော့ မီးမောင်းကြီး ဖြစ်သွားပြီ။ အလင်းရောင်သည် ထိန်ထိန်ညီးညီး။ ဝင်းဝင်းပပ။

❑

ငွေတွေ ရလာသည်။ နေရာတိုင်းမှာ ကျွန်တော့်ကို တံခါးများ ဖွင့်ကာ ကြိုလင့်နေကြသည်။ အချိန်တိုင်းမှာ ဖုန်းခေါ်သံတွေ ကျွန်တော် ကြားနေရသည်။ မိတ်ဆွေသစ်တွေ ရလာသည်။ အလုပ်သစ်တွေ ဝင်လာ သည်။ တစ်နေ့ အထုပ်သစ်တွေ ကောက်သိမ်းပြီး "လော့အိန်ဂျလိ" မြို့ ကို ကျွန်တော် ပြောင်းလာခဲ့သည်။ ဇစ်မြစ်ကို ရုပ်သံဇာတ်လမ်းတွဲများ ရိုက်မည်။ ကျွန်တော့်အကူအညီ လိုအပ်သည်။ ပြေးရ၊ လွှားရ၊ မောရ၊ ပမ်းရ။ ပျော်စရာကောင်းလှပါသည်။ ယခုတော့ အောင်မြင်မှု၏ အလင်း ရောင်သည် ကျွန်တော့်အတွက် မျက်လုံးကျိန်းလောက်အောင်ပင် ဖြစ်နေသည်။

❑

တစ်နေ့ ကျွန်တော့်ပစ္စည်းသေတ္တာတွေကို ကျွန်တော်ဖွင့်ဖြစ်

သည်။ တိုလီမိုလီတွေ ထည့်ထားသော သေတ္တာလေးတစ်လုံးကို ကျွန်တော် သွားတွေ့သည်။ နယူးယောက်တွင် ဆင်းဆင်းရဲရဲ နေထိုင်ရစဉ်ကာလ များက ပိုင်ဆိုင်ခဲ့သော သေတ္တာကလေး။ သေတ္တာထဲမှာ အညိုရောင် စက္ကူအိတ်လေးတစ်အိတ်ကို ကျွန်တော်တွေ့ရသည်။

စက္ကူအိတ်လေးကို ကျွန်တော်ဖွင့်၏။ အထဲတွင် ဆီချေးတက် နေပြီဖြစ်သော ဆာဒင်းငါးသေတ္တာလေးနှစ်ဘူး။ ပြီးနောက် ငွေအကြွေ (၁၈) ဆင့်။ အတိတ်၏ပုံရိပ်များသည် ဒီရေတက်သလို တလိမ့်လိမ့် ဝင်ရောက်လာလေ၏။ အေးစိမ့်စွတ်စိုနေသော ဟင်းလင်းပြင်အခန်း လေး။ လက်နှိပ်စက်သံ တချောက်ချောက်။ ဒုက္ခအိုးလေးထဲမှ စာရေး ဆရာ ကျွန်တော်။ ကျွန်တော် တစ်ကိုယ်တည်း ရေရွတ်မိလေသည်။

"ဩော် . . . ဒီစက္ကူအိတ်ထဲက ပစ္စည်းလေးတွေဟာ ငါ့ဘဝရဲ့ ဇစ်မြစ်တွေပါလား၊ ဒီဇစ်မြစ်တွေကို ငါဘယ်တော့မှ မေ့ပစ်ဖို့ မသင့်ဘူး"

❑

ကျွန်တော်သည် ပလပ်စတစ်သေတ္တာလေးတစ်လုံးဝယ်ကာ ပစ္စည်းလေးများကို သေသေချာချာ ထည့်သည်။ ပြီးနောက် ကျွန်တော် နေ့စဉ်မြင်နိုင်သော နေရာတွင် တင်ထားလိုက်လေသည်။ ယခုတိုင် ဤ သေတ္တာလေးသည် ကျွန်တော်ရရှိခဲ့သော "ပူလစ်ဇာ" ဆုနှင့်အတူ ကျွန်တော့်စာရေးစားပွဲတွင် နေရာယူထားလေသည်။ စားပွဲပေါ်တွင် အခြားပစ္စည်းများလည်း ရှိသေးသည်။ "ဇစ်မြစ်" ရုပ်သံဇာတ်လမ်းတွဲ အတွက် ရရှိခဲ့သော အမ်မီဆု ကိုးဆု။ အသားအရောင်ကွဲပြားသူများ ဘဝမြှင့်တင်ရေးအဖွဲ့မှ ချီးမြှင့်ခဲ့သော အမြင့်ဆုံး ဂုဏ်ပြုတံဆိပ်ဖြစ်သော

"စပင်းဂန်း" ဆု။ ဤဆုတံဆိပ်များထဲတွင် မည်သည့်တံဆိပ်သည် ကျွန်တော့်အတွက် အရေးအပါဆုံးဆိုသည်ကို ပြောရန် ခက်လှပါသည်။


သို့သော် မျှော်လင့်ချက်ကျွန်းတစ်ကျွန်းမှ မဆုတ်မနစ်သော စိတ်ဓာတ်၊ ဇွဲလုံ့လ စသည်တို့ကို အမှတ်ရစေရန် သွေးနိုးပေးသော ပစ္စည်းမှာကား တစ်ခုတည်းသာ ရှိပေမည်။

မျှော်လင့်ခြင်းအိပ်မက်ကို မက်ကြသူတို့အတွက် ဤအရာသည် လေ့လာသင်ယူအပ်သည့် သင်ခန်းစာတစ်ခုပင် ဖြစ်လေသည်ဟု ကျွန်တော် လေးနက်စွာ ခံယူပါသည်။ ။

မူရင်း။ ။ Alex Haley ၏ The Shadowland of Dreams

# ထွန်ယက်ခြင်းအနုပညာ

# ထွန်ယက်ခြင်းအနုပညာ




တစ်ဝက်တစ်ပြက်နဲ့ အပေါ်ယံသာ
ထွန်ယက်ထားတဲ့ မြေဟာ သီးနှံ
အထွက်ကို ညံ့ဖျင်းစေသကွဲ့။

## ထွန်ယက်ခြင်းအနုပညာ

(၇) နှစ်သားအရွယ် ငယ်ငယ်တုန်းက ဖြစ်ပါသည်။ အဖေသည် စိုက်ပျိုးရေး ဝါသနာပါသော ကျွန်တော့်အတွက် မြေလေးတစ်ကွက် ခွဲပေးပါသည်။ မြေကွက်လေးကို စတင်ထွန်ယက်စဉ်မှာပင် ကျွန်တော့်သွေးတို့ မြောက်နေလေသည်။ ထွန်ယက်ပြီးသောအခါတွင်ကား ကျွန်တော် သွေးမြောက်လိုက်ပုံမှာ ဆိုဖွယ်ရာမရှိတော့။

ဤယာကွက်လေးကို ကျွန်တော် ထွန်ယက်နိုင်အောင် မြည်းနှင့်ထယ်ကို ငှားလိုက်သော ပုဂ္ဂိုလ်တစ်ဦးရှိလေသည်။ ကျွန်တော်တို့ လေးစားချစ်ခင်ရသော မိတ်ဆွေကြီး ရော့သွန်မဆင် ပင်တည်း။ ရော့သည် လူမည်းတစ်ဦးဖြစ်၏။ ကျွန်တော်တို့ နယ်တစ်ဝိုက်တွင် အထူးချွန်ဆုံး လယ်သမားတစ်ဦးလည်း ဖြစ်သည်။ ရော့၏ယာခင်းတွင် ပေါင်းပင်စိမ်းစိမ်း တစ်ပင်တလေကိုမျှ မတွေ့ရပါ။ ရော့၏ယာခင်းသည် ဘယ်

တော့မှ သီးနှံထွက်ကျဆင်းခြင်းလည်း မရှိပါ။

မိတ်ဆွေကြီး "ရော့" သည် ကျွန်တော့်ယာခင်းကို လာရောက်ကြည့်ရှုရင်း လိုအပ်သည်များကို မှာကြားပါသည်။ သူသည် ကျွန်တော့်ထယ်ကြောင်းများကို ကြည့်လိုက်၊ သူ၏ မီးခိုးရောင်ဆံပင်များကို ကုတ်ဖွလိုက် လုပ်နေလေတော့သည်။ ကျွန်တော့်ထယ်ကြောင်းများသည် အပေါ်ယံကိုသာ ရှပ်၍ ထွန်ယက်ထားသည့်အတွက် မြေသားညက်ညောမှု ရှိမနေပါ။ ညက်ထည်း မညက်၊ နက်လည်း မနက်သော ကျွန်တော့်လက်ရာ ထယ်ကြောင်းများသည် မြေပေါ်တွင် အရာထင်ရုံမျှသာ။ ဤသည်ကို "ရော့" က ညွှန်ပြပါသည်။

ဤသို့သော ထယ်ကြောင်းတိမ်တိမ်တွင် ပြောင်းစိုက်မည်ဆိုပါက ပြောင်းပင်ကလေးများသည် အပင်တော့ ပေါက်လာမည်။ သို့သော် သူတို့၏ အမြစ်နုနုလေးများသည် အောက်ခံမြေလွှာကို ထိုးခွဲ၍ ဝင်ရောက်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် အပင်ကလေးကြီးပြင်းလာသောအခါ အပင်သည် ညှိုးလျော်၊ ကြွေပြုံး၍ သေဆုံးပေတော့မည်။ ဤကား "ရော့" ၏ရှင်းပြချက် ဖြစ်ပါသည်။

"မြဲမြဲမှတ်ထား . . . ချာလီလေးရေ၊ တစ်ဝက်တစ်ပြက်နဲ့ အပေါ်ယံသာ ထွန်ယက်ထားတဲ့မြေဟာ သီးနှံအထွက်ကို ညှံ့ဖျင်းစေသကွဲ့"

သို့နှင့် ယာမြေကို ကျွန်တော် ပြန်လည်ထွန်ယက်ရပြန်သည်။ မျိုးစေ့ကြဲရသည်။ သို့နှင့် ဆောင်းရာသီ သီးနှံပေါ်ချိန်ရောက်သောအခါ ကျွန်တော့်ယာမြေသည် အထွက်ကောင်းခဲ့လေသည်။ အချို့ကို ရောင်းချ၍ အချို့ကို ဝမ်းစာအတွက်ပင် ချန်လှပ်ထားနိုင်ခဲ့သည်။

❑

နွေဦးရာသီ တစ်နံနက်တွင် ရှေ့သွန်မဆင်ပေးခဲ့သော သင်ခန်းစာသည် ကျွန်တော့်အတွက် တစ်သက်တာ အမှတ်ရစရာ ဖြစ်လာခဲ့ပါသည်။ သင်ခန်းစာရသည့်နေ့မှစ၍ ကျွန်တော်သည် နက်နက်ထွန်သည့် အတွေ့အကြုံကို စံထား၍ ဘဝကို ဖြတ်သန်းခဲ့ရသည်။ ကျေနပ်လောက်စရာ အောင်မြင်မှုများကိုလည်း အလီလီ ရရှိခဲ့ပါသည်။

အသက် (၁၄) နှစ်အရွယ်တွင် ကျွန်တော်၏ အခြေခံပညာ ပြီးဆုံးခဲ့သည်။ ပြီးနောက် ဥပဒေကျောင်းတက်ခဲ့သည်။ ပညာရေးပန်းတိုင်သို့ အောင်မြင်စွာ ရောက်နိုင်ရန် ကျွန်တော်သည် စာကြည့်တိုက်တွင် အချိန်များစွာ အသုံးချခဲ့သည်။ ထိုအလေ့အကျင့်သည် ဥပဒေနယ်ပယ်တွင် အသက်မွေးသော ကျွန်တော့်အဖို့ လွန်စွာမှ အကျိုးများခဲ့လေသည်။

❑

ကျွန်တော်သည် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်း အစပြုချိန်တွင် စစ်သားလေးတစ်ယောက်၏အမှုကို လိုက်ပါဆောင်ရွက်ခဲ့ရသည်။ စစ်သားလေးသည် တစ်ပတ်ရစ်ကားတစ်စီးကို အရောင်းကိုယ်စားလှယ်တစ်ယောက်ထံမှ အရစ်ကျ ငွေချေစံနစ်နှင့် ဝယ်ယူလိုက်သည်။ သို့သော် မိုင် (၄၀) မောင်းရုံနှင့် ကားက ဇာတိပြလာသည်။ လုံးဝသုံးမရတော့သော အခြေအနေသို့ ရောက်သွားသည်။ စစ်သားလေးသည် အရောင်းကိုယ်စားလှယ်ကို ဤကိစ္စနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးရန် ပြောသည်။ သို့သော် အရောင်းကိုယ်စားလှယ်သည် ဤကိစ္စကို လုံးဝတာဝန်မယူ။

ထို့အပြင် မြွေပူရာ၊ ကင်းမှောင့် ဆိုသလို လက်ကျန်ငွေများကို

အကျေအလည် ပေးဆပ်ရန် ပျက်ကွက်သည်ဆိုပြီး ကုမ္ပဏီက စစ်သား လေးကို တရားစွဲလေတော့သည်။

❑

တရားခွင်။ တရားသူကြီးသည် မျက်မှန်ပေါ်မှကျော်၍ ကျွန်တော် နှင့် စစ်သားလေးကို ကြည့်လေသည်။ ပြီးနောက် ပြောင်ပြောင်ပင် ပြော လေသည်။

"တကယ်တော့ တရားဆိုင်နေစရာတောင် မလိုဘူး၊ အမှုက ရှင်းနေတာပဲ"

တရားသူကြီး၏အမြင်တွင် အမှုက ရှင်းနေလေသည်။ ရောင်း ဝယ်ငှားစံနစ်ကို လုပ်ဆောင်နေသော ကုမ္ပဏီတွင် အပြစ်မရှိ။ စစ်သား လေးတွင် အပြစ်ရှိသည်။ လျော်စေပေါ့။

ကျွန်တော်သည် တရားသူကြီးကို စောဒက တက်ရပါသည်။ ကုမ္ပဏီသည် သူ့ကားအကြောင်းကို ကောင်းကောင်းကြီး သိပြီးဖြစ်သည်။ သို့သော်လည်း ကားပျက်ကြီးကို ဖောက်သည်လက်ကို ထိုးထည့်လိုက်၏။ ကုမ္ပဏီတွင် အပြစ်ရှိသည်။ တာဝန်ရှိသည်။ ကျွန်ုပ်၏ အမှုသည်ကို တရားစွဲဆိုပိုင်ခွင့်မရှိ။

တရားသူကြီးကား ကျွန်တော်၏ စောဒကကို လက်မခံ။ အပြစ် ပင် ဖို့လိုက်ပါသေးသည်။

"ကျုပ် ဒီအမှုမျိုး ထောင်ချီပြီး ကြားနာလာခဲ့တယ်။ ဒီလို စောဒက တက်တာမျိုး တစ်ခါမှ မကြုံဖူးဘူး"

❑

မြေသားကို ထိုးခွဲပြီး နက်နက်ထွန်မှ ရတော့မည်။ ကျွန်တော်သည် အလားတူ စီရင်ထုံးများစွာကို သီတင်းပတ်များစွာ ရှာဖွေလေ့လာခဲ့ရသည်။ အမှုပေါင်းများစွာအနက် (၂၅) မှုကို အကျဉ်းချုပ်ကိုးကားကာ အယူခံတရားရုံးသို့ တင်ပြလိုက်လေသည်။ အယူခံတရားရုံးက မူလတရားရုံး၏ စီရင်ချက်ကို ပယ်ဖျက်ပေးလိုက်လေသည်။

အမှုလိုက်ခအတွက် ငွေကို ကျွန်ုပ်၏မိတ်ဆွေ စစ်သားလေးထံမှ ကျွန်တော့် မတောင်းရက်ပါ။

သို့သော် ကျွန်တော် ထွန်ယက်ခဲ့သော မြေကား ထွက်နှုန်းကောင်းခဲ့လေပြီ။ အတွေ့အကြုံ ဂုဏ်သိက္ခာအားလုံးသည် ကျွန်တော့်အတွက် ဆုလာဘ်များပင် ဖြစ်ပါသည်။ အခြားသော ရှေ့နေများကပင် အမှုသည်များကို ကျွန်တော့်ဆီသို့ လမ်းညွှန်ပို့ဆောင်ပေးကြပါသည်။ ကျွန်တော်၏ ဥပဒေအကျိုးဆောင်လုပ်ငန်းသည် အရှိန်အဟုန်ကောင်းစွာ တိုးတက်လာခဲ့လေသည်။

ရှေ့သွန်မဆင်၏ အကြံပေးချက်ကို လိုက်နာခြင်းအားဖြင့် အထောက်အထားများစွာကို တင်သွင်းရသော အစိုးရစုံစမ်းစစ်ဆေးမှုမှုခင်းများစွာကို ကျွန်တော် လိုက်ပါဆောင်ရွက်ပေးခဲ့ရပါသည်။ မိနစ် (၄၀) သာ လျှောက်လဲမှုပေးရမည့် အမှုအတွက် ကျွန်တော့် ပြင်ဆင်လေ့လာမှုကို (၃) လပင် ကျွန်တော် အချိန်ယူလုပ်ဆောင်ပါသည်။

❑

ကျွန်တော် သိလာရသော အချက်တစ်ခု ရှိပါသည်။ နယ်ပယ်စုံတွင် အောင်မြင်ကြသူများ၏ အဓိကသော့ချက်မှာ သေချာစွာ ကြိုတင်

ပြင်ဆင်ခြင်းပင် ဖြစ်သည်။

နာမည်ကျော် ဂီတပညာရှင် "ကရူဆို" သည် အကြိမ်ပေါင်း (၁၀၀၀) ပင် ဆိုခဲ့ဖူးသည့် သီချင်းဖြစ်စေကာမူ စင်ပေါ်မတက်မီ သေချာစွာ သီချင်းတိုက်လေ့ရှိသည်။ အပြောအဟောကောင်းသူအများစုသည်လည်း စင်ပေါ်ရောက်မှ ပြောမိပြောရာ ပြောတတ်ကြသူများ မဟုတ်ပါ။ နာရီပေါင်းများစွာ ကြိုတင်ပြင်ဆင်သုတေသနပြုပြီးမှ ပရိသတ်ကို ဟောပြောကြသူများ ဖြစ်ပါသည်။ ကျွမ်းကျင်ပြောင်မြောက်သော ခွဲစိတ်ဆရာဝန်များသည်လည်း ခွဲစိတ်ခန်းသို့ မရောက်မီ၊ ခွဲစိတ်ခန်းရောက်ပြီး ရာဘာလက်အိတ်ကို မစွပ်မီထိ လူနာနှင့် သက်ဆိုင်သည့် အကြောင်းအရာကို အပြန်ပြန် အလှန်လှန် ဖတ်မှတ်လေ့လာဆွေးနွေးတိုင်ပင်ကြရလေသည်။


❑

အသိအမြင်၊ အတွေ့အကြုံများစွာအနက် ရှေ့သွန်မဆင်၏ စကားတစ်ခွန်းကိုမူကား အောင်မြင်မှု၏လျှို့ဝှက်ချက်၊ ဘဝလမ်းညွှန်အဖြစ် ကျွန်တော် လေးနက်စွာ မှတ်ယူထားလေ၏။

"ချာလီလေးရေ၊ တစ်ဝက်တစ်ပြက်နဲ့ အပေါ်ယံသာ ထွန်ယက်ထားတဲ့မြေဟာ သီးနှံအထွက်ကို ညံ့ဖျင်းစေသကွဲ့"

မူရင်း။ ။ Charles Ryhn ၏ The Best Advice I Ever Heard.

နင်လားဟဲ့ဇရာ




ပညာသင်တယ်ဆိုတာ အလုပ်
ကောင်းလေး ရရုံသက်သက်တော့
မဟုတ်ဘူးထင်တယ်ကွယ်။

## နင်လားဟဲ့ ဇရာ

နယူးယောက်မြို့ လောင်းအိုင်လန်တက္ကသိုလ်။ စီဒဗလျူပို့ နယ်မြေ။

ဘွဲ့နှင်းသဘင်ခန်းမအတွင်းဝယ် လက်ခုပ်ဩဘာသံတို့ သောင်း သောင်းညံလျှက်ရှိ၏။ ဘွဲ့နှင်းသဘင် အခမ်းအနားနှင့်အတူ ပညာထူးချွန် သူများအတွက် ဆုနှင်းသဘင်ကိုပါ ကျင်းပနေခြင်း ဖြစ်သည်။

ထူးချွန်သူ ကျောင်းသားများတွင် လွန်စွာမှ ထူးခြားသူတစ်ဦး ပါနေလေသည်။ သူကား ဇရာအိုတစ်ယောက်။ အသက် (၇၅) နှစ်ပြည့် တော့မည်။ သူ့ဦးခေါင်းတွင် ဘော်ငွေရောင်ဆံပင်တို့ လက်လက်ထနေ လေသည်။

ဆုချီးမြှင့်ရန် သူ့အမည်ကို ခေါ်သံကြားရသည်။ ဖီအီတာ အသင်းကြီးမှ ချီးမြှင့်သော ထူးချွန်ကျောင်းသားဆုကို အဘိုးအို လက်ခံ

ယူရပေမည်။

အော်ဟစ်အားပေးသူတွေ တခဲနက် ထွက်လာသည်။ လက်ခေါက်မှုတ်သံတွေ ညံစီနေသည်။ မတ်တတ်ရပ် အားပေးသူတွေလည်း မရှား။ ဇရာအိုသည် ကြိမ်တုတ်ကို ဖြည်းဖြည်းထောက်ကာ ဆုနှင်းသဘင် စင်မြင့်ဆီသို့ တရွေ့ရွေ့ သွားနေလေသည်။

လက်ခုပ်သံတွေ ညံနေဆဲ။

ဘွဲ့နှင်းသဘင် ခန်းမတွင်းတွင် သူကဲ့သို့ အားပေးခံရသူ တစ်ယောက်မျှမရှိ။

❑

၄င်းဘွဲ့နှင်းသဘင်ခန်းမအတွင်းဝယ် ကျွန်တော်လည်း ရှိနေလေ၏။

"ဒီအဘိုးကြီးက ဘယ်သူလဲဗျ၊ အဘ သူ့ကို သိရဲ့လား"

ကျွန်တော့်နောက်ဆီမှ ကျောင်းသားတစ်ယောက်သည် ကျွန်တော့်ကို ဦးတည်၍ မေးလိုက်သည်။

"အတော်များများကတော့ သူ့ကို သိကြပါတယ် မောင်ရင်လေးရယ်၊ သူ့နာမည်က "ဟယ်ရီဂိုး" တဲ့၊ သူ့အကြောင်းကို ပြောရမယ်ဆိုရင် မယုံရင် ပုံပြင်မှတ်ဆိုသလို ဖြစ်နေမလားမသိဘူး"

မှန်ပါသည်။ "ဟယ်ရီဂိုး" ၏ အားထုတ်မှုသည် ယှဉ်နိုင်စရာပင် မရှိပါ။ ကျွန်တော်သည် သူ့ကို ကောင်းစွာသိပါသည်။ ညီအစ်ကိုရင်းတမျှ ရင်းနှီးချစ်ခင်ကြသူများလည်း ဖြစ်ပါသည်။

လူအတော်များများက ဟယ်ရီနှင့် ကျွန်တော်၏ရင်းနှီးမှုကို သိရှိ

လိုကြသည်။ "ဘယ်လိုမိတ်ဆွေဖြစ်ကြသလဲ" "ဘယ်လောက်ရင်းနှီးကြသလဲ" စသည်ဖြင့်။ ဤမေးခွန်းကို ဖြေဆိုရန် ကျွန်တော် ဝန်မလေးပါ။

စင်စစ် ဟယ်ရီနှင့် ကျွန်တော်သည် ညီအစ်ကိုဝမ်းကွဲတော်စပ်သူများ ဖြစ်သည်။ ရုပ်ချင်းလည်း ဆင်ပါသည်။ အသံချင်းလည်း ဆင်ပါသည်။ အသက်ချင်းလည်း မတိမ်းမယိမ်း။ ခြောက်လမျှသာ ကွာသည်။ ပြီးတော့ တစ်ရပ်ကွက်တည်းသား။ ကုန်ကုန်ပြောရလျှင် အတွေးအခေါ်ချင်းပင် တူသည်ဟု ပြောနိုင်ပါသည်။

❑

ဟယ်ရီသည် ငယ်စဉ်ကပင် နှလုံးလှသူတစ်ဦး ဖြစ်လေသည်။ ကျွန်တော် လေး၊ ငါးနှစ် အရွယ်က အဖြစ်အပျက်လေးတစ်ခုကို ယနေ့တိုင် ကျွန်တော် အမှတ်ရနေပါသေးသည်။

တစ်နေ့တွင် ကျွန်တော်တို့သည် ဟယ်ရီတို့အိမ်သို့ အလည်သွားခဲ့သည်။ ဟယ်ရီသည် သံဖြူနှင့် လုပ်ထားသော စစ်သားရုပ်ကလေးများနှင့် ကစားနေလေသည်။ အရုပ်ကလေးများသည် လွန်စွာမှ ဆန်းကြယ်၍ လက်ရာမြောက်လှသည်။ ဆေးခြယ်ထားပုံမှစ၍ အပြစ်ဆိုစရာ တစ်စက်မျှပင် မရှိပါ။ ဟယ်ရီသည် အရုပ်ကလေးများကို ပိုင်ဆိုင်ရသည့်အတွက် သွေးမြောက်နေလေသည်။ လာသမျှ ဧည့်သည်များကို အရုပ်ကလေးများကို ထုတ်ပြ၍ ချီးမွမ်းခန်းဖွင့်လေ့ရှိသည်။

ကျွန်တော်သည် ကလေးပီပီ ဟယ်ရီ၏ အရုပ်လေးများကို လိုချင်မျက်စိရှိလာပါသည်။ ကျွန်တော်တို့ အိမ်ပြန်ရန် ပြင်ဆင်ကြသောအခါ ကျွန်တော်သည် မည်သူမျှမသိအောင် အရုပ်လေးများကို ဘောင်းဘီ

အိတ်ထဲသို့ သိပ်ထည့်လေသည်။ သို့သော် ကံဆိုးမိုးမှောင်ကျလေသည်။ ကျွန်တော့်ဘောင်းဘီအိတ်က အပေါက်။ တံခါးပေါက်နားရောက်သည်နှင့် အရုပ်လေးများသည် အိတ်ထဲမှ ထွက်ကျလေသည်။ အသံမြည်သွားလေသည်။

"ဟဲ့ . . . သား၊ ဒါ ဘာလုပ်တာလဲ"

ဒေါသအရိပ်အငွေ့များပါနေသော မေမေ့အသံကို ကြားရပါသည်။ ကျွန်တော်သည် မတုန်မလှုပ် ကျောက်ရုပ်ဖြစ်လေပြီ။ အခွင့်သာသည်နှင့် ထွက်ပြေးရန် နည်းလမ်းကို စဉ်းစားနေမိသည်။

"အရုပ်လေးတွေက ကျွန်တော် သူ့ကို ပေးလိုက်တာပါ အန်တီ"

တော်သေးသည်။ ကယ်တင်ရှင်ကြီး ဟယ်ရီ။ ဟယ်ရီသည် ငယ်စဉ်ကပင် ဤလိုစိတ်မျိုး ထားနိုင်ပါသည်။ ဟယ်ရီလိုလူမျိုးကို ကျွန်တော် မချစ်ခင်ဘဲ မနေနိုင်ပါ။ အကြောင်းရင်းကိုလည်း များများစားစား ဖော်ပြရန် လိုမည်မထင်တော့ပါ။

❑

ကျွန်တော်နှင့် ဟယ်ရီသည် ချမ်းသာကြွယ်ဝသော မိသားစုမှ ဆင်းသက်မွေးဖွားလာသူများ မဟုတ်ကြပါ။ ဘရွတ်ကလင်းရပ်ကွက်လေးတွင် ဆင်းဆင်းရဲရဲပင် လူလားမြောက်ခဲ့ရပါသည်။ ဟယ်ရီက ကျွန်တော့်ထက် ပို၍ဆင်းရဲပါသည်။ ငွေကြေးကို ခြစ်ခြစ်ခြုပ်ခြုပ်နှင့် သုံးစွဲရပါသည်။ ထို့ကြောင့်လည်း ကျွန်တော် တက္ကသိုလ်ဆက်တက်ချိန်တွင် ဟယ်ရီမတက်နိုင်တော့ပါ။ ပညာရေးကို ဒုတိယအဆင့်နှင့်ပင် ရပ်တန့်ပစ်ခဲ့ရပါသည်။

ဘဝ၏ အလှည့်အပြောင်းသည် ခြားနားစွာပင် ဖြစ်တည်ခဲ့ပါသည်။ ကျွန်တော်သည် ပါမောက္ခနှင့် ဟမ်းလက် (Hamlet) ပြဇာတ်အကြောင်း ဆွေးနွေးနေချိန် အမေရိကန်တော်လှန်ရေးနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လေ့လာနေချိန်တို့တွင် ဟယ်ရီသည် ငွေရရှိရေးအတွက် အလုပ်ကြမ်းများနှင့်သာ လုံးပန်းနေခဲ့ရသည်။ ဟယ်ရီ့မိသားစု၏ အခြေအနေသည် ကျပ်တည်းလွန်းလှသည်။ သူ့မိသားစု၏ ဝန်ထုပ်ဝန်ပိုးကို သူနိုင်အောင် ထမ်းရမည်ဖြစ်ကြောင်းကို "ဟယ်ရီဂိုး" ကောင်းစွာသဘောပေါက်ခဲ့လေသည်။

"ဘယ်လောက်ဆိုးရွားတဲ့ အခြေအနေလဲကွာ၊ ဒါပေမယ့် ငါအားမလျှော့ဘူးကွ၊ အမှောင်ပြီးရင် အလင်းရောက်ရမှာပေ့ါ၊ တစ်နေ့တော့ ဟယ်ရီဂိုးဟာ တက္ကသိုလ်ရောက်ရမှာပေ့ါကွာ"

ဟယ်ရီသည် ဤပုံဤနှယ် မာန်တင်းလေ့ရှိပါသည်။

❑

မာန်တင်းရုံရှိသေး၊ ဒုတိယကမ္ဘာစစ်မီးကြီးသည် အရှိန်မဟုန်နှင့် တောက်လောင်လေတော့သည်။ ဟယ်ရီနှင့် ကျွန်တော် နှစ်ဦးလုံးပင် စစ်မှုထမ်းခဲ့ရသည်။ နှစ်ဦးလုံးပင် စစ်၏ဒဏ်ရာဒဏ်ချက်တွေကို ခံစားခဲ့ရသည်။

စစ်ကြီးပြီးသောအခါ ကျွန်တော်သည် တက္ကသိုလ်စာသင်ခန်းဆီသို့ ပြန်လာခဲ့သည်။ မကြာမီ ကျွန်တော် ဘွဲ့ရပါသည်။

ဟယ်ရီကား လုပ်ငန်းခွင်သို့ ရောက်သွားလေသည်။ သူသည် "ဟိုင်းကားရု" ဘီယာကုမ္ပဏီတွင် အလုပ်ဝင်ခဲ့သည်။ ရာထူးက ရောင်း/

မောင်း။ ဈေးလည်း ရောင်းရသည်။ ကားလည်း မောင်းရသည်။ ဘီယာသေတ္တာများကို ဆိုင်တွင်းသို့ ဒရွတ်တိုက် ဆွဲသွင်းရသည်။ ပုလင်းလွတ်များကို ပြန်သိမ်းရသည်။ အလွန်ပင်ပန်းသော အလုပ်ကြမ်း။ သို့သော် ဟယ်ရီကား အပြုံးမပျက်။

ဟယ်ရီ၏ ဖောက်သည်အများစုမှာ ဆိုင်ကြီးရှင်များ မဟုတ်ကြပါ။ အိမ်ဆိုင်ကလေးများ ဖြစ်လေသည်။ ဆိုင်ကလေးများသည် တစ်ခါတစ်ရံ ပေးချေရမည့်ငွေကို အကြေအလည် မပေးနိုင်ကြပါ။ ထိုအခါ ဘီယာဆက်ယူရန် အခက်အခဲ တွေ့တတ်လေသည်။ ထိုအခြေအနေမျိုးကို ဟယ်ရီပင် အဆင်ပြေအောင် ဖြေရှင်းပေးရတတ်သည်။

တစ်နံနက်ခင်းတွင် ဖြစ်၏။ ဟယ်ရီသည် ဘီယာပုလင်းလွတ်သေတ္တာဆယ်လုံးခန့်ကို ဆိုင်တစ်ဆိုင်မှ ပြန်သိမ်းရင်း ဆိုင်ရှင်ကို စကားလှည့်ပြောလိုက်သည်။

"ဒီမှာဗျာ . . . ကျွန်တော် ပြောပြမယ်၊ ခင်ဗျား (၆) ဒေါ်လာ တတ်နိုင်ရင် (၆) ဒေါ်လာတန်ဘီယာပဲ ယူဗျာ၊ ဒီငွေပမာဏလောက်တော့ တစ်ခုခုဖြစ်သွားလည်း ကျွန်တော်လျော်နိုင်တယ်၊ ခင်ဗျားလည်း တတ်နိုင်တယ်၊ မဟုတ်ဘူးလား"

ဆိုင်ရှင်သည် စိတ်တိုသွား၏။ "ဟုတ်ပါပြီ၊ ဟုတ်ပါပြီ" ဟု ပြတ်ပြတ်ပင် ဖြေလေသည်။

သို့သော်လည်း ဟယ်ရီသည် သူပြောသလို မလုပ်ဆောင်ရက်ပါ။ နောက်တစ်နေ့တွင် ဆိုင်ရှင်လိုအပ်သော (၁၄) ဒေါ်လာ၊ (၂၀) ဒေါ်လာတန် ဘီယာများကို ပို့ပေးလိုက်သည်။ ဆိုင်ရှင်သည် ဟယ်ရီ၏ စိတ်ရင်းကို သိသွားလေပြီ။ သို့နှင့် သူတို့သည် မိတ်ဆွေရင်းချာများ ဖြစ်လာကြသည်။

ဟယ်ရီသည် ဤနည်းအားဖြင့် ဖောက်သည်များစွာကို တိုးပွားစေသည်။ ဘီယာများစွာကို ရောင်းချခဲ့သည်။

❑

အချိန်တို့သည် လျင်မြန်စွာ ကုန်ခဲ့သည်။ ဟယ်ရီသည်လည်း ကုမ္ပဏီတွင် လျင်မြန်စွာပင် ရာထူးတက်ခဲ့၏။ ရောင်း/မောင်းဘဝမှ အရောင်းကြီးကြပ်ရေးမှူး ဖြစ်လာသည်။ နောက် ဌာနခွဲမန်နေဂျာ ဖြစ်လာသည်။

အရောင်းသမားများစွာကို "ဟယ်ရီ" ပင် သင်တန်းပေးရ၏။ ဟယ်ရီ၏ လက်သုံးစကားတစ်ခွန်းရှိသည်။

"ဟေ့ . . . မင်းတို့ ဖောက်သည်တွေကို ဂရုစိုက်ကြ၊ မျှမျှတတ ဆောင်ရွက်ကြ၊ ဖောက်သည်က မင်းတို့ကို မယုံကြည်ရင် မင်းတို့အလုပ်လည်း အောင်မြင်လာမှာ မဟုတ်ဘူး၊ စီးပွားရေးလုပ်ငန်းတစ်ခုရဲ့ အောင်မြင်မှုဆိုတာ ဖောက်သည်တွေအပေါ်မှာ အများကြီး တည်မှီနေတယ်"

ဟယ်ရီသည် သူ့စကားကို သူကိုယ်တိုင် လိုက်နာ၏။

ဟယ်ရီ တာဝန်ယူနေစဉ်ကာလတစ်လျှောက်လုံးတွင် ပြဿနာမျိုးစုံကို ပြေလည်အောင် ဖြေရှင်းရသည်။ တစ်ချို့ဝန်ထမ်းများ တာဝန်ရှောင်လွှဲသောအခါ ဟယ်ရီပင် တာဝန်ယူရ၏။ နောင်တွင် ဝန်ထမ်းတစ်ယောက်ယောက်အား နယ်မြေတစ်ခု၊ အလုပ်တစ်ခုကို တာဝန်ပေးတော့မည်ဆိုပါက တာဝန်ကို ယူနိုင်၊ မယူနိုင် ဆိုသည်ကို ဟယ်ရီ အပြတ်မေးရသည်။ ဟယ်ရီသည် ပွင့်ပွင့်လင်းလင်း ရိုးရိုးရှင်းရှင်းပင် ပြောဆိုညွှန်ကြားလေ့ရှိ၏။ ဤအလေ့အကျင့်သည် သူ့အား မိတ်ဆွေအပေါင်း

အသင်းများစွာကို တိုးပွားလာစေပါသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ဟယ်ရီသည် မည်သူ့ကိုမျှ သူ့ကြောင့် နစ်နာအောင် မပြုလုပ်ခဲ့ပါ။

❑

လုပ်ငန်းခွင်တွင် အလားအလာကောင်းလှသော်လည်း ဟယ်ရီ၏ ကျန်းမာရေးအခြေအနေမှာကား မကောင်းလှ။ ပို၍ပို၍ ဆိုးလာသည်။ ပထမ ခြေချောင်း၊ လက်ချောင်းလေးများ တဆစ်ဆစ်ကိုက်၏။ နောင် ထုံကျဉ်လာ၏။ နောက် လမ်းသွားရာတွင်ပင် အခက်အခဲဖြစ်လာ၏။ ခန္ဓာကိုယ်ကလည်း ခပ်ကိုင်းကိုင်း ဖြစ်လာသည်။ ဆရာဝန်က ဟယ်ရီ၏ရောဂါမှာ အာရုံကြောများ ပျက်စီး၍ဖြစ်ကြောင်း၊ ပြန်လည်ကောင်းမွန်လာရန် မျှော်လင့်ချက်နည်းကြောင်း ပြောပြလေသည်။

ဟယ်ရီသည် သူ့ရောဂါအခြေအနေကို ကျွန်တော့်အား လုံးဝဖွင့်ဟပြောဆိုခြင်း မပြုခဲ့။ သူ့ဇနီး "အီသယ်" ကိုပင် မပြောပြခဲ့။ ကျွန်တော့်ရင်မှာ မကောင်းလှ။ တစ်နေ့တွင် ဟယ်ရီ စိတ်သက်သာရာရစေကြောင်း ကျွန်တော် ပြောမိသည်။

"ဟယ်ရီရေ မင်းရဲ့ခြေသည်းလေးတွေ မရှိတော့ဘူးဆို၊ ခု ပြန်မပေါက်သေးဘူးလားကွ"

"ဟာ . . . မင်းကလဲ၊ ငါဘာမှမဖြစ်ပါဘူး၊ အေးအေးဆေးဆေးပါ"

သတ္တိခဲ ဟယ်ရီကား အေးအေးဆေးဆေးပင် ဖြေလေ၏။

ငယ်စဉ်က ရုပ်တူ၊ အသံတူ၊ အတွေးတူ၊ ဆင်းရဲတူများ ဖြစ်ခဲ့သော်လည်း လူလားမြောက်သည်မှစ၍ ဟယ်ရီနှင့် ကျွန်တော်သည် ကွဲပြား

ခြားနားသော ဘဝများစွာကို ဖြတ်သန်းနေရကြောင်းကို ကျွန်တော်သည် သဘောပေါက်စပြုလာသည်။ ဟယ်ရီအတွက် စိတ်မကောင်း။ ကျွန်တော်သည် အလွတ်တန်း စာရေးဆရာတစ်ယောက်လည်း ဖြစ်သောကြောင့် အလုပ်တစ်ခုကို လက်ခံကာ ကမ္ဘာကိုပတ်၍ လေ့လာနေချိန်တွင် ဟယ်ရီကား ဆေးရုံ ဆေးခန်းများကို ဝင်ထွက်နေရသော ဝေဒနာရှင်တစ်ယောက် ဖြစ်နေလေပြီ။ သူ့ခြေထောက်များအခြေအနေသည် တဖြည်းဖြည်း ဆိုးဝါးလာခဲ့သည်။

❑

ဝေဒနာက ပြင်းထန်သည်။ သို့သော် လူက မမှု။ သို့သော် သတ္တိခဲ "ဟယ်ရီကိုး" သည် အဆက်ပြတ်သွားသော ပညာရေးကိုကား မမှုဘဲ မနေနိုင်။ တက္ကသိုလ်ပညာကို မသင်ခဲ့ရခြင်းအပေါ် စိတ်အလိုမကျ ဖြစ်လျက်ရှိသည်ကို ကျွန်တော် တဖြည်းဖြည်း သဘောပေါက်စပြုလာပါသည်။

တစ်နေ့တွင် ဟယ်ရီနှင့် ကျွန်တော်သည် နေ့လယ်စာ စားဖြစ်ကြသည်။ ဟယ်ရီသည် မာတီနီကို တစ်ငုံစ၊ နှစ်ငုံစ သောက်ရင်း ဆိုင်းမပါ ဗုံမဆင့် ပြောချလိုက်သည်။

"ဟော့ . . . ငါ အလုပ်က အနားယူပြီးရင် ဘာဆက်လုပ်မယ် ဆိုတာ မင်းသိရဲ့လား၊ တက္ကသိုလ်ဆက်တက်မယ်ကွာ"

ဟယ်ရီတွင် အမေးနှင့်အတူ အဖြေကပါပြီး ဖြစ်သည်။ ကျွန်တော်သည် ဟယ်ရီ့ကို ဘာပြန်ပြောရမှန်းပင် မသိပါ။ သူ့အသက်အရွယ်၊ သူ့ကျန်းမာရေး။ ကျွန်တော် စဉ်းစားနေမိသည်။ ပြီးနောက် ဟယ်ရီ့ကို ဖြေသိမ့်စကားပြောရသည်။

"ခုလိုအခြေအနေနဲ့ တက္ကသိုလ်ဆက်တက်ဖို့ဆိုတာ မလွယ်ဘူး ထင်တယ် ဟယ်ရီ"

"ဟာ . . . ဘာလို့မလွယ်ရမှာလဲ၊ ငါ့အတွက် တက္ကသိုလ်ဆိုတာ ဘဝ၊ သေရေးရှင်ရေးတမျှ အရေးကြီးတဲ့ကိစ္စ၊ ငါ ရယ်စရာပြောနေတာ မဟုတ်ပါဘူးကွာ၊ တက္ကသိုလ်ကိုတော့ တက်ဖြစ်အောင် တက်မယ်"

ဟယ်ရီကား ကြံ့ခိုင်မာကျောသော သူ့ဆုံးဖြတ်ချက်ကို ပြင်ဆင်ရန် စိတ်မကူးတော့။

❑

၁၉၉၃ ၏ နှစ်တစ်ဝက်ကျိုးအချိန်။ တစ်ခုသော နေ့တစ်နေ့။ ဟယ်ရီသည် ကားကို ကိုယ်တိုင်မောင်းလျက် ရှိ၏။ သူဦးတည်ရာကား သူ့အိမ်နှင့် မဝေးလှသော စီ. ဒဗလျူ. ပို့ တက္ကသိုလ်နယ်မြေ။

တက္ကသိုလ်ရောက်သည်နှင့် ဟယ်ရီသည် "သက်ကြီးတက္ကသိုလ် ကျောင်းသား လက်ခံရေးဌာန" ဆီသို့ တန်းသွားလေသည်။ ဌာနမှူးဖြစ်သူ "ဒိုင်ယာနာကော့ဖ်မင်း" နှင့် တွေ့ဆုံသည်။ ဒိုင်ယာနာသည် ဟယ်ရီကို မေးခွန်းထုတ်လေ၏။

"ကျောင်းကထွက်ခဲ့တာ ဘယ်လောက်ကြာပြီလဲရှင်"

ကျောင်းတက်ချင်စိတ် လောကြီးနေသော ဟယ်ရီသည် စိတ်မရှည်တော့။

"ကြာပြီဆိုပါတော့ဗျာ . . . ကဲ . . . ကဲ . . . ကျွန်တော် ဘယ်နေရာမှာ လက်မှတ်ထိုးရမလဲဆိုတာသာ ပြောပါ"

ဤသို့ဖြင့် "ဟယ်ရီဂိုး" သည် တက္ကသိုလ်ကျောင်းတော်သားကြီး

ဖြစ်ခဲ့ရလေသည်။

စာသင်ခန်းဆီသို့ ခြေနှစ်ချောင်းကို ဒရွတ်ဆွဲကာ ခက်ခက်ခဲခဲ ဝင်လာသော ဟယ်ရီကို ဆယ်ကျော်သက်ရွယ် ကျောင်းသားငယ်များ သည် အထူးအဆန်းကဲ့သို့ ကြည့်နေကြလေသည်။ ဟယ်ရီကား ခပ်တည် တည်ပင်။ ရှေ့ဆုံးတန်းသို့သွား၍ ရှေ့ဆုံးခုံတွင် ဝင်ထိုင်လိုက်လေသည်။

❑

ထိုနေ့ကား ကျောင်းဖွင့်ရက်ဖြစ်၍ လူစုံနေသည်။ ဟယ်ရီသည် ခေါင်းကိုငုံ့၍ စာကို ကြိုးစားပမ်းစား ရေးနေရသည်။ အသားမကျသော လက်ချောင်းများသည် တောင့်တင်းလာသည်။ စာရေးရသည်မှာ အဆင် မပြေ။ ဟယ်ရီသည် စိတ်ဓာတ်ကျလာသည်။ ကျောင်းခန်းအပြင်ဘက် သို့ပင် ထွက်ပြေးချင်စိတ်ပေါက်လာလေသည်။

သို့သော် စိတ်ကို ချက်ချင်းပင် ပြန်လည်အားတင်းထားရသည်။ ဝေဒနာကို သည်းခံကာ စာကို ကြိုးစား၍ ရေးရသည်။

တစ်နေ့တွင် အခန်းဖော်ကျောင်းသားတစ်ယောက်က ဟယ်ရီ အား မေးခွန်းထုတ်လေသည်။

"အဘရယ် . . . အဘ ဘာလုပ်ဖို့ ကျောင်းလာတက်တာလဲ၊ ကျွန်တော်တော့ နားမလည်နိုင်ဘူး၊ ကျွန်တော်သိတာက ကျောင်းတက် တယ်ဆိုတာ အလုပ်ကောင်းကောင်းရဖို့၊ ခု ဒီမှာ ကျောင်းလာတက်တဲ့ သူအများစုဟာ အဲဒီရည်ရွယ်ချက်နဲ့ ရောက်လာကြတာ၊ ကျွန်တော် ကောင်းကောင်းသိတယ်"

ဟယ်ရီသည် ကျောင်းသားငယ်၏ပခုံးကို ညင်သာစွာပုတ်ရင်း

လေးလေးမှန်မှန်ပင် ပြောလိုက်လေသည်။

"ဒီမှာ မောင်ရင်လေးရေ၊ အဘ ဒီကိုလာတာဟာ အလုပ်ကောင်းကောင်းရဖို့တော့ မဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ အဘဟာ နှစ်ပေါင်း (၅၀) တိုင်တိုင် အလုပ်ကို ကောင်းကောင်းလုပ်ခဲ့ပြီးပါပြီ၊ တကယ်တော့ကွယ် . . . ပညာသင်တယ်ဆိုတာ အလုပ်ကောင်းကောင်းလေး ရရုံသက်သက်တော့ မဟုတ်ဘူးထင်တယ်ကွယ်"

ကျောင်းသားငယ်သည် ကျောင်းသားအိုကြီး ဟယ်ရီအား နားမလည်နိုင်စွာ ငေးကြည့်နေလေသည်။

❑

သက်ကြီးကျောင်းသားဟယ်ရီကား တဖြည်းဖြည်း အတန်းနှင့် ကျွမ်းဝင်စပြုလာသည်။ လက်ချောင်းများသည်လည်း အခြေအနေကောင်းလာပြီ။

အတန်းဖော်ကျောင်းသားများသည် ဟယ်ရီအား နောက်နောက်ပြောင်ပြောင် မလုပ်ကြ။ လေးလေးစားစား ရှိကြသည်။ အတန်းပြီးသောအခါ ကျောင်းသားများဝိုင်းရံ၍ ဟယ်ရီ့ကို ကားဆီသို့ လိုက်ပို့ကြလေသည်။ သူတို့သည် ဟယ်ရီအား မေးခွန်းများစွာကို မေးတတ်ကြသည်။ သူတို့မေးသော မေးခွန်းများကား အကြောင်းအရာစုံလှ၏။

"အဘတို့မျိုးဆက်တွေဟာ ဘာကြောင့် ဗီယက်နမ်စစ်ကို မတားနိုင်ခဲ့တာလဲ"

--------------------

အဘရင်ထဲမှာ ဘယ်လိုခံစားရသလဲ”

--------------------

ဟယ်ရီသည် သူ့ထင်မြင်ချက်များကို သေသေချာချာပင် ပြန်ဖြေတတ်လေသည်။

စာသင်ခန်းထဲတွင် ဟယ်ရီကလည်း မေးခွန်းများစွာကို မေးမြန်းကာ ကျောင်းသားများ၊ ဆရာများနှင့် ဆွေးနွေးတတ်လေသည်။ သူမေးသော မေးခွန်းများကလည်း စုံလှသည်။ ဟစ်တလာနှင့် ဂျာမန်ပြည်သူတို့အကြောင်း၊ ရုရှားနိုင်ငံနှင့် ဒီမိုကရေစီအကြောင်း စသည်ဖြင့်။

စာသင်ရက်များ၊ ဝန်းကျင်များသည် ဟယ်ရီနှင့် တစ်သားတည်းဖြစ်သွားလေပြီ။

❑

စီ. ဒဗလျူ. ပို့ တက္ကသိုလ်နယ်မြေတွင် ဟယ်ရီ၏ကောင်းသတင်းသည် မွေးပျံ့စွာ ကြိုင်သင်းလျက် ရှိလေသည်။

ဟယ်ရီနှင့် ကျွမ်းဝင်သူတိုင်းလိုလိုပင် သူ့အကြောင်းကို စိတ်ပါလက်ပါ ပြောလေ့ရှိသည်။

ဟယ်ရီ၏အတန်းဖော် “ဆာရာဘိုင်လိုစကီး” က ဟယ်ရီ့အကြောင်းကို စိတ်ဝင်စားစွာ ပြောပြလေသည်။

“အဲဒီရှေ့ဆုံးတန်းမှာထိုင်နေတဲ့ ပုဂ္ဂိုလ်ဟာ နှယ်နှယ်ရရ မဟုတ်ဘူးရှင့်၊ သူဟာ ဒုတိယကမ္ဘာစစ်မှာလည်း ဝင်နွှဲဖူးတယ်၊ သိပ်စိတ်ပျက်စရာကောင်းတဲ့ အခြေအနေတွေကိုလည်း အများကြီးကြုံခဲ့တယ်၊ ဒါပေမဲ့ သူစိတ်ပျက်မသွားဘူး၊ အတန်းထဲမှာ သူဝင်ပြီး ဆွေးနွေးတဲ့အခါတိုင်းမှာ

သူ့အတွေ့အကြုံတွေဟာ ဘယ်လောက်များခဲ့ပြီဆိုတာ ကျွန်မတို့ ကောင်းကောင်းသိတယ်၊ ကျွန်မတို့ဆိုတာ ငေးပြီး နားထောင်ယူရတယ်"

ဌာနမှူး "ဒိုင်ယာနာကော့ဖ်မင်း" သည်လည်း ဟယ်ရီ့အတွက် အလွန်ဂုဏ်ယူနေလေသည်။

"တကယ်တော့ ဟယ်ရီဟာ ဒီကို ပညာယူဖို့ လာခဲ့တယ်၊ ကျွန်မတို့က ပညာပေးရမယ်၊ ဒါပေမယ့် လက်တွေ့ကျတော့ ကျွန်မကိုယ်တိုင် သူ့ဆီက ပညာတစ်ခု၊ နှစ်ခု ပြန်ယူနေရတဲ့ အခြေအနေကို ရောက်နေတယ်၊ နောက် . . . ဟယ်ရီ့မှာ သိပ်လေးစားစရာကောင်းတဲ့ အချက်တစ်ခုရှိတယ်၊ ဘယ်တော့မှ အခွင့်ထူးမခံဘူး၊ ငါအသက်ကြီးပြီဆိုပြီး အထူးအခွင့်အရေးကို လက်ခံလေ့မရှိဘူး၊ ဟယ်ရီဟာ မလုပ်နိုင်ဘူးဆိုတဲ့ စကားကို ဘယ်တော့မှ မပြောခဲ့ဘူး၊ တကယ်တော့ ဟယ်ရီဟာ ဒီတက္ကသိုလ်နယ်မြေရဲ့ နေရာတိုင်းမှာ သူ့လက်ရာ၊ ခြေရာတွေကို ထားခဲ့ပြီးမှ ကျောင်းက ခွာမယ့်ပုဂ္ဂိုလ်ပါ"

နိုင်ငံရေးသိပ္ပံပါမောက္ခ "ရော်ဂျာဂိုးစတိန်း" ကမူ ဤသို့ဆိုလေသည်။

"ကျုပ်ကို ကြည့်စမ်းပါဗျာ၊ ရာထူးက ပါမောက္ခ၊ ဘွဲ့က (၃) ခုတောင်၊ ကျုပ်မွေးထုတ်လိုက်တဲ့ ဘွဲ့ရတွေဆိုတာ အများကြီးမှ အများကြီး၊ ဒါပေမယ့်ဗျာ၊ ကျုပ်ဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး ဟယ်ရီဂိုးရဲ့ ကျောင်းသားတစ်ယောက်ဖြစ်ခဲ့တယ်လို့ ပြောရင်တောင် ရပါတယ်ဗျာ"

ဇရာအိုကျောင်းသား 'ဟယ်ရီဂိုး' ၏ ထူးချွန်ပြောင်မြောက်မှုကား အံ့လောက်စရာပါတကား။

❑

လက်ခုပ်သံတွေ ညံမစဲ ဖြစ်နေသည်။ ဘွဲ့နှင်းသဘင်ခန်းမသည် ပျော်ရွှင်မှုများကို စုဆောင်းထားသော အဆောက်အအုံတစ်ခုနှင့်ပင် တူနေပါတော့သည်။

ကျွန်တော်သည် စင်မြင့်အောက်မှ 'ဟယ်ရီ' ကို ငေးကြည့်နေမိသည်။ ဟယ်ရီသည် သူ့အတန်းဖော်လူငယ်များ၏ အောင်မြင်မှုကို လှိုက်လှိုက်လှိုက်လှဲလှဲ ချီးကျူးလျက်ရှိသည်။ လူငယ်ကျောင်းသား/ကျောင်းသူများသည်လည်း ဟယ်ရီ၏အောင်မြင်မှုအတွက် အားရပါးရ ချီးကျူးလျက်ရှိသည်။ အောင်မြင်မှု၏အရသာကို သူတို့အားလုံး မျှဝေခံစားနေကြသည်။ မင်္ဂလာရှိလိုက်ပါဘိ။

ဇရာအို၏ မျက်ဝန်းအစုံတွင်ကား မျက်ရည်ကြည်များ ဝေ့လည်နေလေသည်။ ဤမျက်ရည်စများသည် ဤအခြေအနေသို့ ရောက်ရှိလာစေရန် ဇရာအိုလျှောက်လှမ်းရသော ခရီးကြမ်းကို ကောင်းစွာပြောပြနိုင်ပေလိမ့်မည်။

ကျွန်တော်သည် ဟယ်ရီ့အကြောင်းကို တွေးနေစဉ်တွင် ကျောင်းသားတစ်ယောက်၏ ရွှင်ရွှင်မြူးမြူး ပြောလိုက်သံကို ကြားလိုက်ရသည်။

"ကဲ . . . အဘ ဘွဲ့တော့ရသွားပြီ၊ ဘွဲ့ရပြီး ဘာဆက်လုပ်မှာလဲ"

"မဟာဘွဲ့ ဆက်ယူမှာပေါ့ကွ"

"ဟား . . . ဟား . . . မဟာဘွဲ့ပြီးရင် ပီ. အိတ်ချ်. ဒီ ပေါ့၊ ဟုတ်လား အဘ"

"အသေအချာပါပဲကွာ"

ကျွန်တော်သည် ပြုံးပျော်နေသော ဟယ်ရီကို လှမ်းနောက်လိုက်၏။

"မင်းသာ ဒေါက်တာဘွဲ့ရရင်တော့ ငါ့ထက်သာသွားပြီ ဟယ်ရီ"

"အေး . . . ဟုတ်တယ်၊ ငါလည်း ဒီလိုပဲ ထင်ထားတာကွ"

ဟယ်ရီသည် သဘောကျစွာရယ်ရင်း ကျွန်တော့်ပခုံးကို လှမ်းဖက်လိုက်လေသည်။ သူ့မျက်လုံးအစုံသည် ယုံကြည်မှုနှင့်အတူ လင်းလက်တောက်ပနေလေတော့သည်။ ။

မူရင်း။ ။ Lawrence Elliott ၏ The Education of Harry Gold

# ခွက်တစ်လုံး၏ရာဇဝင်




အလုပ်သမားကောင်းကောင်း
တစ်ယောက်ဟာ ပုံသွင်းခွက်
ကောင်းကောင်း လုပ်တတ်ရတယ်။

## ခွက်တစ်လုံး၏ ရာဇဝင်

ခွက်ကလေးတစ်လုံးနှင့် ပတ်သက်ခဲ့ရသည့် ရာဇဝင်ကို စာတင်ခြင်းမပြုမီ ကျွန်တော့်ငယ်ဘဝကို ပြောပြရန် လိုပေလိမ့်မည်။

ကျွန်တော်သည် အမေရိကန်နိုင်ငံ၊ တက်ကဆက်ပြည်နယ်၊ ဒါးလက်မြို့ကလေးတွင် ကြီးပြင်းလူလားမြောက်ခဲ့ပါသည်။

ကျွန်တော့်အဖေသည် စက်ရုံလုပ်သားကြီးတစ်ဦး ဖြစ်၏။ အဖေအလုပ်သွားသည့်အခါတိုင်းတွင် ကျွန်တော့်ကို ခေါ်သွားပါရန် ကျွန်တော်ပူဆာလေ့ရှိပါသည်။ သို့သော် အဖေသည် ကျွန်တော့်ကို ခေါ်မသွားပါ။ ကျွန်တော်သည် အဖေ့စက်ရုံအကြောင်းကို စိတ်ကူးနှင့်သာ ရှုးရပါတော့သည်။ ကလေးပီပီ ကျွန်တော်တွေးမိသည်မှာ အဖေ့စက်ရုံသည် မှော်ဝင်နန်းတော်တမျှ ခမ်းနားထည်ဝါနေလိမ့်မည်။ လျှို့ဝှက်ဆန်းကြယ်နက်နဲဖွယ်ရာတို့နှင့်လည်း ပြည့်နေလိမ့်မည်။ ထိုနေရာတွင် အဖေတို့လူကြီးများ

သည် လွန်စွာမှ ဆန်းကြယ်နက်နဲသော အရာဝတ္ထုတို့ကို ပြုလုပ်နေလိမ့်မည်ဟုလည်း ကျွန်တော် ထင်ထားပါသည်။

❑

မှတ်မိပါသေးသည်။ ကျွန်တော် ပူဆာလွန်း၍ ထင်သည်။ ကျွန်တော် ခုနစ်နှစ်၊ ရှစ်နှစ်သားအရွယ်တွင် အမေသည် ကျွန်တော့်ကို အဖေအလုပ်လုပ်နေသော စက်ရုံသို့ ခေါ်သွားပါသည်။ အမေသည် ကားကို ကိုယ်တိုင်မောင်းပါသည်။

စက်ရုံသို့ရောက်သောအခါ အဖေသည် စက်ရုံထဲမှ ထွက်လာ၍ ကျွန်တော်တို့ကို နှုတ်ဆက်ပါသည်။ ပြီးနောက် ကျွန်တော့်လက်ကိုဆွဲကာ စက်ရုံထဲသို့ ခေါ်သွားပါသည်။ ခွေးခြေတစ်လုံးပေါ်တွင် ကျွန်တော့်ကို ပွေ့ချီ၍ ထိုင်ခိုင်းထားလေသည်။

"ဘာတွေစဉ်းစားနေတာလဲ သားရဲ့၊ အဖေတို့ စက်ရုံဆိုတာ ဒါပေါ့ကွ"

အဖေ့လေသံတွင် ဂုဏ်ယူသည့် အရိပ်အငွေ့များ ထင်ဟပ်နေပါသည်။ ကျွန်တော်သည် စက်ရုံကို မျက်လုံးကစားကြည့်ပါသည်။ စက်ရုံခန်းကြီးသည် အလွန်ကျယ်ပါသည်။ စက်ကိရိယာများ၏အသံသည် မိုးခြိမ်းသံလို ကျယ်လောင်လွန်းလှသည်။ အခန်းတစ်ခုလုံးသည် စက်ဆီနံ့ဖြင့် မွှန်နေလေသည်။ တွင်ခုံများကား တိကျစွာ ပုံဖော်သည့်အလုပ်ကို လုပ်ဆောင်လျက် ရှိ၏။ ကုန်ချောဘဝသို့ ရောက်ရှိသွားပြီဖြစ်သည့် ပစ္စည်းများကလည်း တောင်ပုံ ရာပုံ။

"အဖေတို့တွေက ဘာတွေလုပ်ရတာလဲဟင်"

ကျွန်တော်က သိချင်စိတ်နှင့် မေးမိပါသည်။ အဖေသည် "ပုံသွင်းခွက်တွေ" ဟု အဖြေပေးပြီး ခုံရှည်တစ်လုံးပေါ်တွင် တင်ထားသော ကော်ဖီခွက်အလွတ်တစ်ခုကို ဆွဲယူလိုက်ပါသည်။

အဖေသည် ကျွန်တော့်ကို စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။

"ဒီလိုခွက်မျိုးတွေ လုပ်တာပေါ့ သားရဲ့၊ နောက် ပန်းကန်ပြားတွေလည်း လုပ်တယ်၊ အကောင်းဆုံးဖြစ်အောင် ကြာရှည်ခံအောင် အဖေတို့ ကြိုးစားလုပ်ကြတယ်"

အဖေသည် ပြောပြောဆိုဆိုနှင့် ခွက်ကလေးကို အပေါ်သို့ မြှောက်ထားလိုက်သည်။

"ဒီမှာကြည့်စမ်း သား၊ ဒီခွက်ကို လွှတ်ချလိုက်မယ်ဆိုရင် ဘာဖြစ်သွားမယ်လို့ သားထင်သလဲ"

"ကွဲသွားမှာပေါ့ အဖေ"

"ကဲ . . . အဲလိုဆို ဒီမှာကြည့်"

အဖေသည် ခွက်ကလေးကို လွှတ်ချလိုက်သည်။ ခွက်ကလေးသည် ကွန်ကရစ်ကြမ်းပြင်နှင့်ထိကာ နှစ်ကြိမ်၊ သုံးကြိမ် ခုန်ပေါက်သည်။ ပြီးနောက် အဖေ့ခြေရင်းတွင် ရပ်သွားလေသည်။ အဖေသည် ခွက်ကလေးကို ကောက်ယူကာ သေချာစွာ လှည့်ပတ်စစ်ဆေးကာ ကျွန်တော့်ဘက်သို့လှည့်၍ ပြောလိုက်လေ၏။

"တွေ့လား သား၊ နည်းနည်းလေးမှ ကွဲမသွားဘူး၊ အဲဒါဟာ ပုံသွင်းခွက်ကောင်းလို့ပဲ၊ အလုပ်သမားကောင်းတစ်ယောက်ဆိုတာ ပုံသွင်းခွက်ကောင်းကောင်း လုပ်တတ်ရတယ်၊ ပုံသွင်းခွက်ကောင်းကောင်းတစ်ခုဟာ အရည်အသွေးကောင်းတဲ့ ခွက်တွေကို ထောင်ချီပြီး ထုတ်လုပ်နိုင်တယ်"

အဖေ့လေသံမှာ ဂုဏ်ယူမှုနှင့်အတူ သွက်လက်နေလေသည်။

❑

သို့နှင့် . . . ကျွန်တော် တဖြည်းဖြည်း အရွယ်ရောက်လာပါသည်။ အဖေ့စက်ရုံသို့လည်း မရောက်ဖြစ်တော့။ သွားချင်စိတ်လည်း မရှိတော့။ စက်ရုံသို့ မရောက်ဖြစ်သော အကြောင်းရင်းများတွင် ရိုးရိုးလုပ်သားကြီး တစ်ဦးမျှသာဖြစ်သော အဖေ့ကို အထင်ကြီးစိတ် မရှိတာလည်း ပါမည်။ အဖေ့အလုပ်အတွက် ရှက်စိတ်ဝင်မိခြင်းလည်း ပါပေမည်။

မိဘအရိပ်အောက်မှ တဖြည်းဖြည်း ခွဲခွာကာ လောကပြင်ကျယ်ကို ကျွန်တော်တိုးထွက်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားဘဝ။ တပ်မတော်သားဘဝ။ ပြီးနောက် ကုမ္ပဏီဝန်ထမ်းဘဝ ကျွန်တော်ဖြစ်ခဲ့ရသည်။ ကုမ္ပဏီဝန်ထမ်းဘဝတွင် ကျွန်တော်သည် ရည်မှန်းချက်ပန်းတိုင်ကို သေချာစွာ ချမှတ်ပြီးဖြစ်သည်။ ကျွန်တော် ချမ်းသာကြွယ်ဝအောင် ကြိုးစားမည်။

အဝေးဆီမှ အဖေသည် ကျွန်တော့်ရည်မှန်းချက်ကို အားပေးအားမြှောက်ပြုပါသည်။ သို့သော် ကျွန်တော်ကား တစ်ရံတစ်ခါမျှ အဖေ့ဆီမှ အကြံဉာဏ်တောင်းခံခြင်း မရှိခဲ့ဘူးပါ။ အဖေသည် ကျွန်တော့်ကို အကြံကောင်း၊ ဉာဏ်ကောင်း ပေးနိုင်မည်မဟုတ်ဟု ကျွန်တော်ထင်သည်။ ထို့ပြင် ကျွန်တော်လုပ်ကိုင်နေသော ကြော်ငြာလုပ်ငန်းသည် အဖေ့လုပ်ငန်းအတွေ့အကြုံနှင့် မည်သည့်နည်းနှင့်မျှ ဆက်နွယ်မှုမရှိနိုင်ဟု ကျွန်တော်မှတ်ယူထားပါသည်။

သို့သော် အဖေသည် ကျွန်တော့်အတွက် စံပြပုဂ္ဂိုလ်ဖြစ်မလာသော်လည်း ကျွန်တော် စံပြပုဂ္ဂိုလ်အဖြစ် မှတ်ယူထားသော ပုဂ္ဂိုလ်တစ်ဦး

ကား ကျွန်တော့်ဘဝတွင် ရှိထားနှင့်ပြီ။ သူကား ကျွန်တော်တို့၏ လုပ်ငန်းရှင်သူဌေးပင် ဖြစ်၏။

ကျွန်တော့်သူဌေးကား အားကျလောက်ဖွယ် ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်၏။ 'သူဌေး' ဟု ကျွန်တော်ရည်ညွှန်းသော်လည်း သူ့အသက်မှာ ကျွန်တော်နှင့် မတိမ်းမယိမ်းပင် ဖြစ်ပါသည်။ သို့သော် သူ့ထက် အသက်နှစ်ဆကြီးသူများပင် ပိုင်ဆိုင်နိုင်ရန် ခဲယဉ်းသော မနေဥစ္စာကို ရရှိထားပါသည်။ ဥပမိရုပ်မှာလည်း အပြစ်ဆိုစရာ တစ်စက်လေးမျှပင် မရှိပါ။ အရပ်က ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ ခန္ဓာကိုယ်အနေအထားသည်လည်း အားကစားသမားတစ်ယောက်ကဲ့သို့ ကြံ့ခိုင်ကျစ်လျစ်နေပါသည်။ ရွှေဝါရောင်ဆံပင်များသည် ပုံကျပန်းကျ ရှိပါသည်။ ထို့ပြင် ကျွန်တော့်သူဌေးတွင် ဂုဏ်ယူလောက်ဖွယ်ကောင်းသော ပိုင်ဆိုင်မှုများရှိပါသေးသည်။ စိန်များကို ညွတ်နေအောင် ဆင်ယင်ထားသော ဇနီးတစ်ဦး၊ ဇိမ်ခံကားလှလှတစ်စီး၊ ရေကူးကန်ပါသော ခေတ်မီအိမ်တစ်လုံး။ အားကျစရာ မကောင်းပေဘူးလား။

❑

ကျွန်တော့်သူဌေး၏မူဝါဒမှာ မိမိကိုယ်ကိုမိမိ မွမ်းမံခြယ်သရေးပင် ဖြစ်၏။ မိမိကိုယ်ကို လူအထင်ကြီးအောင် ပြင်ဆင်ထားရမည်။ ယုံကြည်မှုအပြည့် ရှိရမည်။ သူ့လက်သုံးစကားတစ်ခွန်း ရှိပါသည်။

"ဖောက်သည်တွေကို မျှော်လင့်ချက်ပေးထား။
မျှော်လင့်ချက်ကို နည်းနည်းမပေးနဲ့။
မိုးလောက်ကြီးပေးထား။

နောက်ကိစ္စ နောက်ကြည့်ရှင်းမယ်”

ဟူသတည်း။

ကျွန်တော် တာဝန်ယူရသော မိတ္တူဌာနခွဲအတွက်လည်း သူဌေးက လမ်းညွှန်ချက်တစ်ခုပေးထားပါသည်။

“လိုချင်တာက မြန်မြန်ပဲ၊ မြန်မြန်လုပ်။

လိုလေသေးမရှိအောင် လုပ်တယ်၊ ပြည့်စုံအောင် လုပ်တယ်၊ စေ့စပ်သေချာတယ်ဆိုပြီး ကြာနေတာကို မလိုချင်ဘူး”

ကျွန်တော်သည် သူဌေး၏ လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာခဲ့ပါသည်။

❑

အချိန်တို့ အကုန်မြန်လှသည်။ (၃) နှစ်တာကာလသည် လွယ်လွယ်ကူကူပင် ကုန်ဆုံးသွားပါသည်။ ကျွန်တော်လည်း မြန်မြန်ဆန်ဆန်ပင် ရာထူးတက်ခဲ့ပါသည်။ ကျွန်တော်လုပ်ကိုင်ရသော ဌာနခွဲတွင် “ဒုတိယ ဥက္ကဋ္ဌ” ရာထူးသို့ပင် ကျွန်တော် အတက်မြန်ခဲ့ပါသည်။ သည့်နောက်ပိုင်းတွင်ကား ကျွန်တော်သည် နေ့ရော ညပါ အလုပ်များပါတော့သည်။ သို့သော်လည်း ကျွန်တော်သည် ဖောက်သည်များအပ်နှံထားသော အလုပ်များကို သွက်သွက်လက်လက် မြန်မြန်ဆန်ဆန်ပင် လုပ်ပေးနိုင်ခဲ့ပါသည်။ ရက်ချိန်းအတိုင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ မည်သည့်အခါမျှ လွဲချော်သည်ဟူ၍ မရှိခဲ့။ ဤကား သူဌေး၏လမ်းညွှန်မှုဝါဒအတိုင်း အတိအကျ လိုက်နာခြင်းပင်တည်း။

သို့သော် ဖောက်သည်အတော်များများသည် ကျွန်တော်တို့၏

လုပ်ဆောင်ချက်အရည်အသွေးအပေါ် ကျေနပ်မှုမရှိကြပါ။ အချို့ဖောက်သည်များက ငွေများကို အကျေအလည် မပေးချေကြပါ။ အချို့ကမူ အလုပ်ဆက်လက်မအပ်နှံကြတော့ပါ။

ထိုအခါ ကုမ္ပဏီသည် ငွေကြေးလည်ပတ်စီးဆင်းမှုတွင် ပြဿနာကြုံရပါတော့သည်။ သို့သော် ကျွန်တော့်သူဌေးကား အပြုံးပင် မပျက်ခဲ့ပါ။ ကုမ္ပဏီတွင် ညစာစားပွဲကြီးများကို ကျင်းပခြင်း မပျက်ခဲ့ပါ။ မီးရောင်ထိန်ထိန်၊ မိတ်ဟောင်းမိတ်သစ်တို့နှင့်အတူ သူဌေးကား ပျော်မြူးလျက်ပင်ရှိသေးသည်။ ဇနီးသည်အတွက်လည်း လွန်စွာမှ အံ့သြစရာကောင်းလောက်အောင် တန်ဖိုးများသည့် စိန်လက်စွပ်တစ်ကွင်းကို ဝယ်ယူ၍ လက်ဆောင်ပေးလိုက်သေးသည်။

❑

ကျွန်တော့်ဘဝတွင် အပြောင်းအလဲတစ်ခုကို ကြုံရမည့်အချိန်သည် ရောက်လာပါတော့သည်။ တစ်ခုသော တနင်္ဂနွေညနေခင်းတွင် သူဌေးသည် ကျွန်တော့်အား အိမ်သို့ခေါ်၍ ပြောလေသည်။ နောက်တစ်နေ့ မနက်စောစောတွင် သူ့ရုံးခန်းသို့ လာခဲ့ပါတဲ့။ ပြောစရာတွေ ရှိပါသည်တဲ့။ ကျွန်တော် ရင်ခုန်သံမြန်သွားသည်။ သို့လော သို့လော စဉ်းစားမိသည်။ ငွေစာရင်းကိစ္စကို ဖြေရှင်းလို၍လော။ သို့မဟုတ် ကျွန်တော့်ကို ကတိပေးထားသည့်အတိုင်း လစာတိုးပေးချင်၍ပေလော။

နောက်တစ်နေ့တွင် ကျွန်တော်သည် ရုံးသို့ စောစောပင် ထွက်လာခဲ့ပါသည်။ အရှေ့မိုးကုတ်စက်ဝိုင်းတွင် နေမင်းသည် ကောင်းစွာပင် မပြူသေးပါ။

သူဌေး၏ရုံးခန်းတံခါးကို ကျွန်တော် အသာအယာ တွန်းဖွင့်လိုက်ပါသည်။ သူဌေးရှေ့ရှိ ခုံတွင် ထိုင်သည်။ သူဌေးသည် ကျွန်တော့်ကို ခဏမျှ စောင်းငဲ့၍ကြည့်ကာ မျက်နှာလွှဲထားလိုက်ပါသည်။

ခဏတာအချိန်သည် ကြာညောင်းလွန်းလှသည်။ ကျွန်တော် သူဌေး၏နှုတ်ဖျားမှ ထွက်လာမည့် စကားလုံးများကို စောင့်စားနေမိလေသည်။ မကြာမီ သူဌေး၏ အားတင်း၍ပြောနေသော လေသံကို ကျွန်တော် စိတ်မသက်သာစွာ ကြားရသည်။

"ကျွန်တော် ခင်ဗျားကို ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ၊ ခင်ဗျားတာဝန်ယူနေတဲ့ ဌာနဟာ ဘယ်လိုမှ တိုးတက်မှုရှိမလာတဲ့အတွက် ခင်ဗျားနဲ့ ကျွန်တော် လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ရတယ်ဗျာ၊ ဒီတော့ . . . နောက်ဝန်ထမ်းတွေ ရောက်မလာခင်မှာ ခင်ဗျားသိမ်းစရာရှိတာတွေသိမ်းပြီး ရှင်းစရာရှိတာလေးတွေ ရှင်းသွားပေါ့ဗျာ၊ ကျွန်တော်လည်း ဒီလောက်ပဲ ပြောနိုင်ပါတော့တယ်"

ကျွန်တော့်ခေါင်းတို့ ထူပူသွားလေပြီ။ ကျွန်တော် အလုပ်ဖြုတ်ခံရပြီ။ ကျွန်တော်သည် စိတ်ပျက်လက်ပျက်နှင့် ထိုနေရာတွင်ပင် အတန်ကြာအောင် ထိုင်နေမိသည်။ ပြီးနောက် လေးကန်သော ခြေလှမ်းများဖြင့် ထွက်လာခဲ့ပါတော့သည်။

❑

စင်စစ် ကျွန်တော့်ဘဝ၏ နောက်ခံအနေအထား၊ ကျွန်တော် ဖြတ်သန်းလာခဲ့သော ဘဝအခြေအနေနှင့် ချိန်ထိုးရလျှင် ဤကိစ္စမျိုးသည် ကျွန်တော့်အတွက် အရှက်ကြီးရှက်နေရန် မလိုလှပါ။

ရုတ်တရက် ကျွန်တော်သည် အဖေ့ကို သတိရလာမိသည်။ အဖေ ဘာပြောမည်လဲ။ အဖေ ဘာအကြံဉာဏ်ပေးမည်လဲ။

ရက်ပေါင်းအတန်ကြာသည်အထိ ကျွန်တော့်စိတ်သည် တည်ငြိမ်မှုမရနိုင်ခဲ့ပါ။ ဒေါသထွက်သည်။ ကိုယ့်ကိုယ်ကို သနားသည်။ ခံစားမှုသည် ဖွဲမီးနှယ် တငွေ့ငွေ့လောင်ကျွမ်းသည်။

အရေးကြုံလာသောအခါ တိုင်ပင်ဖော်တိုင်ပင်ဖက်သည် မိဘများသာဖြစ်ကြောင်း ကျွန်တော်သဘောပေါက်လာပါသည်။ ကျွန်တော် အိမ်ပြန်မည်။ မိသားစုအပေါ် ကျွန်တော်ထားခဲ့သော မာနများကို ကျွန်တော် ခဝါချပစ်ရပေမည်။

❑

ကျွန်တော် အိမ်ပြန်ခဲ့သည်။ အဖေ့ကို ကျွန်တော့်ကိစ္စတွေအားလုံးကို ပြောပြဖြစ်သည်။ အဖေသည် အတန်ကြာအောင် တိတ်ဆိတ်နေလေသည်။

"အင်းလေ . . . အနည်းနဲ့အများတော့ သားစိတ်ထိခိုက်လိမ့်မယ်ဆိုတာ အဖေသိပါတယ်"

အဖေသည် သူ့မျက်မှန်ကိုင်းအသစ်ကို ပွတ်တိုက်ရင်း ပြောလေသည်။

"ဒါပေမယ့် တို့စဉ်းစားရမယ်၊ သားသူဌေးပြောတာတွေဟာ အမှန်တွေများဖြစ်နေမလား၊ သားရဲ့လုပ်ငန်းတိုးတက်မှု ရှိတယ်လို့ကော သားထင်သလား"

"ဒါကတော့ အဖေ၊ သူချမှတ်ပေးတဲ့မူအတိုင်း ကျွန်တော်တာဝန်

ကျေအောင် လုပ်တာပဲ၊ လုပ်ငန်းခွင်ထဲမှာ ကျွန်တော့်လောက် မြန်မြန်ဆန်ဆန် အလုပ်လုပ်နိုင်တဲ့သူ တစ်ယောက်မှမရှိဘူး"

"ဟုတ်ပါပြီ၊ မြန်ဆန်သလောက် အရည်အသွေးကော ကောင်းရဲ့လား"

"ကောင်းတယ်လို့ ထင်တာပဲ အဖေ"

အဖေသည် နှုတ်ဆိတ်သွားပြန်သည်။ ကျွန်တော် လူမှန်းသိတတ်စအရွယ်ကတည်းက အဖေ၏ဩဝါဒဆန်သော စကားများကို ကြားရခဲလှသည်။ အဖေသည် ကျွန်တော်တို့ကို လမ်းကြောင်းသာပြ၍ မိမိကိုယ်ကိုတွေးခေါ် စေခြင်းကိုသာ အားပေးလေသည်။

ထိုနေ့က ကျွန်တော်သည် အဖေ့စကားများကို လေးနက်စွာနားထောင်ခဲ့ပါသည်။ အမေ ညစာစားရန် ခေါ်သောအခါမှ စကားဝိုင်းသိမ်းခဲ့လေသည်။ ပြီးနောက် ကျွန်တော်၏ လက်ရှိရပ်တည်မှုအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးကြပြန်သည်။

ထိုညက ကျွန်တော်သည် တော်တော်နှင့် အိပ်မပျော်ပါ။ အဖေ့စကားလုံးများသည်သာ အာရုံတွင် ရစ်ဝဲနေလေတော့သည်။

❑

နောက်တစ်နေ့မနက်။ ကျွန်တော် အိပ်ရာမှနိုးသောအခါ အဖေသည် အလုပ်ဆင်းနှင့်ပြီ။ ကျွန်တော့်မှာ အဖေ့ကို ပြောစရာစကားတွေ အိုင်ဖွဲ့လို့ ရှိနေပြန်သည်။

ကျွန်တော့် အဖေ့စက်ရုံသို့ လိုက်သွားသည်။ အဖေ၏နားချိန်ကိုစောင့်၍ စကားဆက်ရသည်။ ကျွန်တော့်အဖေသည် ယခုအခါ အလုပ်

သမားအဖွဲ့ကို ဦးဆောင်သူ ဖိုမင်တစ်ယောက် ဖြစ်နေလေပြီ။ စက်ရုံဝန်းကျင်သည် ကျွန်တော့်ငယ်ဘဝကို အမှတ်ရစရာ ဖြစ်နေလေသည်။

ကျွန်တော်သည် သွက်လက်ဆဲ၊ ကြံ့ခိုင်ဆဲဖြစ်သော အဖေ့ကို ငေးကြည့်နေမိလေသည်။ အဖေ့မျက်လုံးများသည် သောကဟူ၍ မြူတစ်မှုန်မှ မရှိသလို တောက်ပနေလေ၏။ ငယ်ငယ်တုန်းကလိုပင် အဖေသည် ကျွန်တော့်လက်ကိုဆွဲကာ ခုံရှည်တစ်လုံးဆီသို့ ခေါ်သွားလေသည်။

"အေးအေးဆေးဆေးပေါ့ သားရဲ့၊ သား ဒီနေ့ ဒီကိုလှည့်ဝင်လာလိမ့်မယ်လို့ အဖေထင်ထားတယ်လေ"

ကျွန်တော်တို့သည် ခွေးခြေတစ်လုံးစီကို ဆွဲယူကာ ထိုင်လိုက်ကြသည်။ ကျွန်တော်သည် ကော်ဖီခွက်များစွာကို မြင်မိသည်။ ၄င်းခွက်အစုအဝေးဘေးတွင် ရှိနေသော ကော်ဖီခွက်ဟောင်းလေးတစ်လုံးကိုလည်း သတိပြုမိသည်။

"အဖေတို့ ဒီခွက်တွေကိုပဲ ထပ်တလဲလဲ လုပ်နေတာပဲနော်၊ ပစ္စည်းတစ်မျိုးတည်းကိုပဲ အကြိမ်ပေါင်း မရေနိုင်အောင်လုပ်နေတာ ငြီးငွေ့စရာမကောင်းဘူးလား အဖေ"

"မငြီးငွေ့ပါဘူးကွာ၊ ဒီလောက် ထပ်တလဲလဲ လုပ်နေတာတောင် စိတ်တိုင်းအကျကြီး မဟုတ်သေးဘူး သားရဲ့"

အဖေသည် ရယ်ရယ်မောမောနှင့် စကားကို ဆက်ပြန်သည်။

"အဖေတို့ ကြိုးစားဆဲပါသား၊ ပစ္စည်းကောင်းကောင်းတစ်ခု ထွက်လာဖို့ဆိုတာက ဒီပုံလောင်း မိုခွက်တွေအပေါ်မှာ အများကြီးမူတည်တယ် သားရဲ့၊ 'မို' ကောင်းကောင်းလိုတယ်၊ 'မို' ကောင်းကောင်း လုပ်တတ်တဲ့ သူဆိုတာကလည်း ရှားသားပဲ သားရဲ့"

အဖေသည် လေးနက်ဂုဏ်ယူစွာ ပြောနေလေသည်။

"ကျွန်တော့်အမြင်ကို ပြောရမယ်ဆိုရင်တော့ အဖေရယ်၊ ခွက်ကလေးတစ်လုံး လုပ်တယ်ဆိုတာကလွဲလို့ ဘာမှမမြင်ဘူး"

"သားမြင်တာ ဒါအကုန်ပဲလား"

"အကုန်တော့ မဟုတ်ဘူးပေါ့ အဖေ၊ ဒါတွေကိုလုပ်ရတဲ့ လုပ်ငန်းအဆင့်ဆင့်ကိုတော့ ကျွန်တော် မြင်နေရတယ်လေ"

"ဟုတ်ပြီလေ၊ မြင်နေတာထက် ပြည့်စုံအောင် အဖေရှင်းပြမယ်"

အဖေသည် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကျွန်တော့်အား ရှင်းပြနေလေသည်။ မိုက်ခရိုမီတာဖတ်ပုံမှအစ ကုန်ချောထုတ်လုပ်ပုံအထိ အဆင့်ဆင့်ပါလေသည်။

"ခု . . . အဖေပြောတာတွေဟာ အပြည့်အစုံ မဟုတ်သေးဘူးကွ၊ အပြည့်အစုံပြောနိုင်ဖို့ဆိုရင် အချိန်တွေ အများကြီးလိုမယ်"

မှန်ပါသည်။ ဤသည်ကို ကျွန်တော် သဘောပေါက်ပါသည်။

အဖေသည် နံရံမှ မီးခလုတ်ကို ဖွင့်လိုက်ပြန်သည်။ အားပြင်းသော အလင်းရောင်သည် ဖြာကျလာ၏။

"ဒီကိုလာစမ်း သား၊ ဒီ 'မိုခွက်' ကို သေသေချာချာ ကြည့်စမ်းသား၊ တွေ့လား . . . ချိုင့်ခွက်သေးသေးလေးတွေ၊ ဒီချိုင့်ခွက်ကလေးတွေဟာ ကုန်ချောထုတ်လုပ်ရာမှာ ပြဿနာတက်လိမ့်မယ်၊ ဒီတော့ ဒီလိုမိုမျိုးနဲ့ထုတ်ရင် ပစ္စည်းကောင်းကောင်းကို မရနိုင်ဘူး၊ ဒီတော့ ပစ္စည်းရဲ့အရည်အသွေး ညံ့ဖျင်းမယ်၊ ညံ့ဖျင်းတော့ စက်ရုံရဲ့ကောင်းသတင်းကို ထိခိုက်မယ်၊ ပြီးတော့ ဒီမိုကို ဖန်တီးလိုက်တဲ့ ထုတ်လုပ်သူရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်လိမ့်မယ်၊ အဖေတော့ အဲဒီလိုကိစ္စမျိုးကို ဘယ်တော့မှ အဖြစ်ခံမှာ မဟုတ်ဘူး၊ အဖေတို့ သူဌေးကတော့ ဒီလောက်ကြီး မြင်ချင်မှ မြင်နိုင်မယ်၊ ဒါပေမယ့် အဖေက မြင်တယ်၊ ဒါဟာ . . . အဖေတို့အတွက်

သိပ်အရေးကြီးတယ် သားရဲ့"

ကျွန်တော်သည် ကျွန်တော် အလုပ်လုပ်ခဲ့သော လုပ်ငန်းခွင်ကို သတိရလာမိပါသည်။ ကျွန်တော့်လုပ်ရပ်များကိုလည်း ပြန်လည်မြင်ယောင်လာခဲ့သည်။ မျက်နှာတစ်ခုလုံး ထူပူသွားသည်အထိ ကျွန်တော် ရှက်မိပါသည်။

" 'မို' က ဒီလောက်ထိ အရေးကြီးသား အဖေ၊ ဒီ 'မို' နဲ့လုပ်တဲ့ ပစ္စည်းမျိုးတွေက ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်သလဲ"

"ဟိုမှာလေ . . . သားလှတ်ချကြည့်ပေါ့"

အဖေသည် ခွက်တစ်လုံးကို ညွှန်ပြ၏။ ကျွန်တော်သည် အဖေပြသော ခွက်ကို ချက်ချင်းကောက်ယူကာ အပေါ်သို့မြှင့်ကာ လွှတ်ချလိုက်သည်။ ခွက်ကလေးသည် ကြမ်းပြင်တွင် အသံမြည်ကာ ခုန်ပေါက်နေလေသည်။ ပြီးနောက် ရပ်သွားလေ၏။ ကျွန်တော်သည် ခွက်ကလေးကို ကောက်ယူကာ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုသည်။ သေးငယ်သော အက်ကွဲကြောင်းလေးတစ်ခုကို တွေ့ရသည်။ ခွက်နှုတ်ခမ်းသည်လည်း ပဲ့နေလေပြီ။

"ဘယ်လိုဖြစ်တာလဲ အဖေ"

"ရှင်းရှင်းလေးပါ သားရဲ့၊ ခု အဖေပြောပြနေတဲ့ 'မို' မကောင်းတာပေ့ါ၊ အဲဒီခွက်လုပ်တဲ့ 'မို' မှာက သေသေချာချာကြည့်မှ မြင်နိုင်တဲ့ အပြစ်လေးတွေ ရှိနေတယ်၊ အဲဒီခွက်မျိုးဟာ ဝယ်သူ့လက်ထဲရောက်သွားပြီဆိုပါစို့၊ မကြာခင်မှာပဲ ချို့ယွင်းချက်တွေ တစ်သီတစ်တန်းကြီး ပေါ်လာတော့မယ်"

"အဖေပြောတာ ကျွန်တော် သဘောပေါက်ပါတယ် အဖေ၊ ဒါပေမယ့် ကုန်ပစ္စည်းများများထုတ်ဖို့ ဦးစားပေးရည်ရွယ်ထားတဲ့ လုပ်ငန်း

တစ်ခုမှာ 'မို' တစ်ခုကို ဒီလောက်ဂရုစိုက်နေရင် ထုတ်လုပ်မှုပိုင်းမှာ မတွင်ကျယ်တော့ဘူး မဟုတ်လား အဖေ"

ကျွန်တော်သည် အဖေ့ကို စောဒကတက်လိုက်သည်။ အဖေသည် အားရပါးရ ပြုံးလိုက်လေသည်။

"ဒီမှာသား . . . စဉ်းစားစရာတစ်ခုရှိတယ်၊ ဘာလို့ အလုပ်လုပ်တာလဲ၊ အောင်မြင်ချင်လို့၊ အောင်မြင်တယ်ဆိုတာ ဘာလဲ၊ ဖောက်သည်တွေ ကျေနပ်ပြီး ထပ်ခါထပ်ခါဝယ်ဖို့၊ ဒီတော့မှ ငွေများများရမယ်၊ ဖောက်သည်တွေဟာ အရည်အသွေးမကောင်းတဲ့ ပစ္စည်းကို ထပ်ခါထပ်ခါ ဝယ်ပါ့မလား၊ ဒီတော့ အဖေ့ခံယူချက်က အဖေတို့ဟာ ကုန်ပစ္စည်းနဲ့ ပတ်သက်လို့ အကောင်းဆုံးဖြစ်အောင် လုပ်ပေးမယ်၊ ဒါဟာ အဖေတို့နဲ့ပတ်သက်တဲ့ တာဝန်ကို အကျေပွန်ဆုံးဖြစ်အောင် လုပ်လိုက်တာပဲ၊ ဒါဟာ ပစ္စည်းရောင်းချတာမှာ အောင်မြင်မှုရခြင်းဆိုတဲ့ အခန်းကဏ္ဍရဲ့ တစ်ဝက်တိတိကို လုပ်လိုက်တာပဲ၊ ကျန်တဲ့တစ်ဝက်ကတော့ သက်ဆိုင်ရာဌာနတွေရဲ့ အပိုင်းပေါ့လေ"

အဖေက သူ့စကားကို တည်တည်ငြိမ်ငြိမ်ပင် ဆက်ပြောပြန်သည်။

"အင်း . . . အဖေထင်ပါတယ်၊ သားနဲ့ သားသူငွေးဟာ အစကတည်းက ဖောက်သည်အကြိုက်အတွက် တစ်ဝက်ဆွဲဆောင်နိုင်မယ့် အလုပ်မျိုးကို လုပ်ခဲ့ဟန် မတူဘူး၊ ဒီတော့ ဖောက်သည်တွေဟာ ကျေနပ်မှုမရှိကြဘူး၊ ဘယ်လိုပြုပြင်ထိန်းသိမ်းပြီး လမ်းကြောင်းကို ပြန်တည့်မယ်ဆိုတဲ့ စိတ်ကူးမျိုးကိုလည်း သားတို့ မစဉ်းစားခဲ့ကြဘူး၊ ဒီတော့ နောက်ဆုံးရလဒ်ကတော့ သားပါ လုပ်ငန်းကို စွန့်ခွာလာခဲ့ရတယ်ပေါ့ကွာ"

ကျွန်တော်သည် အဖေ့စကားကို ဆိတ်ဆိတ်ပင် နားထောင်နေခဲ့ပါသည်။ အဖေ့စကားများကား သွေးထွက်အောင် မှန်လှပါသည်။

ကျွန်တော်တို့လုပ်ငန်းသည် လုပ်ငန်းအရည်အသွေး၊ ပစ္စည်းအရည်အသွေး ထက် အရေအတွက်နှင့် ပြင်ပအပြင်အဆင်ကိုသာ ဦးစားပေးခဲ့သည်။ ငွေရေးကြေးရေး ကျပ်တည်းလာသော အခြေအနေတွင်လည်း ကျွန်တော့် သူဌေးသည် ယိုယွင်းလာသော လုပ်ငန်းကို ပြန်လည်သုံးသပ်ပြင်ဆင် ကြပ်မတ်ရန် စိတ်မကူးခဲ့။ ဝန်ထမ်းများကို လစာငွေပေးရန်ထက် ဇနီး သည်ကို စိန်နားကပ်သစ်ဝယ်ပေးရေးကိုသာ ဦးစားပေးစဉ်းစားခဲ့လေ သည်။

ကျွန်တော်သည် အဖေ့ကို ကြည့်လိုက်သည်။ အဖေသည် အဝေး ဆီသို့ ငေးနေလေသည်။ စကားတစ်ခွန်းကို ပြောသင့်၊ မပြောသင့် ချင့်ချိန် နေပုံရ၏။ နောက်ဆုံးတွင်ကား အဖေသည် သူပြောချင်ရာကို ပြောချ လိုက်လေသည်။

"တကယ်တော့ သားရယ်၊ အဖေသာ ထက်ထက်မြက်မြက် လူ တစ်ယောက်ဆိုရင် ဒီစက်ရုံမှာ အလုပ်သမားဖြစ်နေစရာ အကြောင်း မရှိဘူး၊ စက်ရုံပိုင်ရှင်လောက် ဖြစ်နေပြီပေါ့၊ ဒါပေမယ့် အဖေ မစွန့်စား ရဲဘူး၊ ဘာလို့လဲဆိုတော့ အဖေ့မှာ မိသားစုတစ်ခုလုံးရဲ့ စားဝတ်နေရေး ဆိုတာက ရှိသေးတယ်၊ ခု သားမှာက ကျွေးဖို့ မွေးဖို့ ဘာမိသားစုမှ မရှိ ဘူးလေ"

ကျွန်တော့်ခေါင်းထဲတွင် အလင်းတန်းတစ်ခုသည် ဝင်းဝင်းလက် လေ၏။

❑

အလင်းတန်းများနှင့်အတူ ကျွန်တော်သည် အဖေ့ကို ပို၍နား

လည်လာမိပါသည်။ ကျွန်တော့်အဖေသည် ကျွန်တော်တို့အတွက် နှစ်ပေါင်းများစွာ အနစ်နာခံခဲ့ရသည်။ အဖေသည် သူမရရှိခဲ့သော အခွင့်အရေးများကို သားသမီးများအား ရစေလိုသည်။

"အဖေ . . . ကျွန်တော် ဒီခွက်ကလေးကို သိမ်းထားပါရစေ"

ကျွန်တော့်လေသံသည် စိတ်လှုပ်ရှားမှုတို့နှင့် တုန်ရင်နေလေသည်။

အဖေသည် အက်ရာပေါ်နေသော ခွက်လေးကို တစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့် ကြည့်လိုက်သည်။

"သိမ်းချင်လည်း သိမ်းထားပေါ့ သားရယ်၊ ဒါပေမယ့် ဒီလိုခွက်မျိုးကို ဘယ်သူလုပ်တယ်ဆိုတာကိုတော့ ဘယ်သူမှ မသိပါစေနဲ့ကွယ်"

အဖေသည် တည်ငြိမ်စွာပင် ပြောလိုက်လေသည်။

❑

များမကြာမီ ကျွန်တော်သည် ကြော်ငြာစီးပွားရေးလုပ်ငန်းများ၏ အသည်းနှလုံးဟု ပြောနိုင်သည့် အချက်အချာ နေရာတစ်ခုတွင် အခန်းတစ်ခန်းငှားပြီး ရုံးခန်းဖွင့်လှစ်လိုက်လေသည်။

"ကြော်ငြာရေးခြင်း၊ ဒီဇိုင်းဖန်တီးခြင်း၊ အတိုင်ပင်ခံလုပ်ငန်း" ဟု ဆိုင်းဘုတ်တင်လိုက်ပါသည်။ ကျွန်တော်သည် ဖောက်သည်များအတွက် အကောင်းဆုံး ဝန်ဆောင်မှုကိုပေးရန် ဆုံးဖြတ်ထားနှင့်ပြီ။ အရည်အသွေး မြင့်မားသော ကြော်ငြာများကို အကောင်းဆုံး ဖန်တီးရန်လည်း ဆုံးဖြတ်ထားနှင့်ပြီ။

သို့နှင့် (၁၅) နှစ်တာ ကြာညောင်းခဲ့သောအခါ ကျွန်တော့်လုပ်ငန်းသည် အောင်မြင်ထင်ရှားသော ကြော်ငြာကုမ္ပဏီတစ်ခုအဖြစ်

သို့ ရောက်ရှိလာပါတော့သည်။ အလုပ်သမားများစွာကိုလည်း အလုပ်အကိုင် ပေးထားနိုင်ခဲ့လေသည်။ ဝန်ထမ်းအင်အားသည်လည်း များစွာ တိုးတက်လာခဲ့လေသည်။

❑

ကျွန်တော်ကား အောင်မြင်မှုများ ဆက်ကာဆက်ကာ ရနေသည်။ ကျွန်တော့်အဖေကား အငြိမ်းစားယူခဲ့ပြီ ဖြစ်၏။

သို့သော် ခွက်ငယ်လေးတစ်လုံးကား ကျွန်တော့်စားပွဲတွင် ယခုတိုင် ဂုဏ်ယူဝင့်ကြွားစွာ တည်ရှိနေလေ၏။

ခွက်ကလေးကား ကျွန်တော့်ကို လွန်စွာမှ အားကောင်းသော သင်ခန်းစာတစ်ခုကို ပေးခဲ့လေသည်။

ကျွန်တော်တို့သည် ဘဝတွင် အသေးအဖွဲလေးများဟူ၍ ပစ်မထားသင့်သောအခါများစွာ ရှိလေသည်။ အသေးလေးများသည် ပေါင်းစုလိုက်သောအခါ အကြီးကြီးများ ဖြစ်လာသည်။ ထို့အတူ အပြစ်လေးများ ပေါင်းလိုက်သောအခါ အပြစ်ကြီးများ ဖြစ်လာသည်။ အပြစ်ကြီးများသည် အောင်မြင်မှု၏ ခရီးလမ်းကို အနှောင့်အယှက် ကြီးမားစွာ ပေးနိုင်လေသည်။

အသေးအဖွဲလေးများကို ဂရုစိုက်၍ လုပ်ပါလေ။ ခွက်တစ်လုံးကို ဖန်ဆင်းခြင်းသည် အောင်မြင်မှုတစ်ခုကို ရယူခြင်းနှင့် အလားသဏ္ဌာန်တူလေ၏။ ။

မူရင်း။ ။ William M.Hendryx ၏ The Secret to Fame and Fortune

အောင်စည်နေမျိုးစာအုပ်တိုက်

# ဝေဟာင်ထဲမှာ

ဝေဟင်ထဲမှာ




နာကျင်မှာကို မေးတာလား။

မစိုးရိမ်ပါနဲ့ဗျာ။

ဖြစ်လိုက်ရင် အသေပဲ။ ပွဲချင်းပြီးပဲ။

## ဝေဟင်ထဲမှာ

စမ်းချောင်းငယ်တို့သည် ငွေရည်စီးကြောင်းလေးသဖွယ် စီးဆင်းလျက် ရှိသည်။ အောက်ခင်းကြမ်းပြင်ကို မှန်အကြည်ဖြင့် ပြုလုပ်ထားသော လှေကလေးများသည် ညင်သာစွာ ရွေ့လျားလျက် ရှိလေသည်။

ကျွန်တော်ရောက်ရှိနေသော နေရာကား ဖလော်ရီဒါ သဘာဝဉယျာဉ် ဖြစ်လေသည်။ မြက်ခင်းစိမ်းစိမ်းပေါ်တွင် ကျောကပ်လဲလျောင်းကာ ဝေဟင်ကို ကျွန်တော် ရှုစားလျက်ရှိသည်။

အစက်အပြောက်လေးတစ်ခု။ ပေ ၂၀၀ အမြင့်ရှိ ကောင်းကင်ယံတွင် အစက်အပြောက်လေးတစ်ခုကို ကျွန်တော်လှမ်းမြင်နေရသည်။ လက်သုံးလုံးခန့်ရှိမည်ထင်သော ဝါယာကြိုးတန်းတစ်ခုကိုလည်း ကျွန်တော်တွေ့နေရ၏။ ထိုကြိုးတန်းပေါ်မှ အစက်အပြောက်သည် လူတစ်ယောက်ပင် ဖြစ်လေ၏။ ကျွန်တော်ကြည့်နေစဉ်မှာပင် ၄င်းလူသည် ဝါယာကြိုး

အပေါ်တွင် စတင်လမ်းလျှောက်လေသည်။

ဤသည်ကား ကြိုးတန်းလျှောက်ခြင်း အနုပညာ။ ကြောက်မက်ဖွယ် ဆန်းကြယ်လှသော ပညာရပ်။ ယခု ဤပညာရပ်ကို ကျွန်တော် မျက်မြင်ကိုယ်တွေ့ မြင်နေရပြီ။ ကမ္ဘာပေါ်တွင် ဤပညာရပ်ကို ကျွမ်းကျင်သူမှာ အနည်းငယ်သာ ရှိလေသည်။ ယခု ကြိုးတန်းလျှောက်နေသူမှာ ထိုအနည်းငယ်ထဲတွင် အထူးချွန်အပြောင်မြောက်ဆုံး ပညာရှင်တစ်ယောက်။ သူ့အမည်ကား 'ဂျေးကော့ခရိမ်း'။ 'ကော့ခရိမ်း' ၏ ကြိုးတန်းလျှောက်သက်ကား (၂၅) နှစ်ရှိပြီ။ ဝါရင့်နေပြီ။

'ကော့ခရိမ်း' ၏ စွမ်းရည်ပြကွက်များကား ရင်သပ်ရှုမောဖွယ်ရာ ကောင်းလှသည်။ သူသည် လွန်စွာမြင့်မားလှသော ကောင်းကင်ကြိုးတန်းပေါ်တွင် (၂၁) နေ့ (၂၁) ည နေပြခဲ့ဖူးသည်။ (၂) မိုင်ခွဲအရှည်ရှိသော ကြိုးတန်းပေါ်တွင်လည်း မရပ်မနား လျှောက်သွားပြခဲ့ဖူးသည်။ ၁၉၉၅ ခု၊ အောက်တိုဘာလအတွင်းတွင် တရုတ်ပြည်သို့ သွားရောက်၍ အစွမ်းပြခဲ့ပြန်သည်။ ပေ (၁၃၆၀) ကျယ်ဝန်းသော ယန်စီမြစ်လျှိုမြောင်တစ်ခုကို ပေ (၂၂၀၀) အမြင့်မှ ကြိုးတန်းလျှောက်ပြခဲ့ဖူးသည်။

❑

ယနေ့တွင်လည်း သူ့စွမ်းရည်ကို 'ကော့ခရိမ်း' ပြသနေခြင်းဖြစ်၏။ ဝါယာကြိုးပေါ်တွင် သူတစ်လှမ်းချင်း လှမ်း၍ထွက်လာသည်။ သူ့အောက်တွင် ထောင်ပေါင်းများစွာသော ပရိသတ်ကြီး။ အပေါ်ကို မော့ကြည့်၍ ငြိမ်ဆိတ်နေလေ၏။

အသက် (၅၄) နှစ် ရှိနေပြီဖြစ်သော ကော့ခရိမ်း။ ခန္ဓာကိုယ်

အနေအထားက ကျစ်ကျစ်လျစ်လျစ်။ သွယ်သွယ်လျလျ။ သူ ဖြည်းညင်းစွာ ရွေ့လျားနေသည်။ ခြေတစ်ချောင်းကို စလှမ်းပြီ။ ဝါယာကြိုးနှင့် ပြားပြားကပ်ကပ် တည့်တည့်မတ်မတ် ရှိနေသည်။ နောက်ခြေတစ်ချောင်းကို အောက်ဘက်စိုက်၍ အားယူသည်။ ခြေဖျားလေးများဖြင့် ကြိုးတန်းကို စမ်းသပ်သည်။ သူ့ပုံစံသည် ပြောင်မြောက်စွာ ကကြိုးဆင်နေသော ဘဲလေးကချေသည်တစ်ယောက်နှင့်ပင် တူနေပါတော့သည်။

'ကော့ခရိမ်း' ၏ ရာဘာအောက်ခံဖိနပ်များသည် အနုပညာဆန်ဆန် လှုပ်ရှားနေသည်။ သူ့နောက်တွင် တိမ်တိုက်ဖြူဖြူတွေ လွင့်မျောနေလေသည်။

"လိမ့်ကျမှာလား မသိဘူးနော်"

ကလေးတွေ၏ စိုးရိမ်သံ။ လူကြီးတွေက ပါးစပ်အဟောင်းသား။ ရွှေပွဲလာပရိသတ်တို့ ရင်ခုန်နှုန်းမြန်နေသော်လည်း ဇာတ်လိုက်ကြီး 'ကော့ခရိမ်း' ကား ကြိုးတန်းပေါ်တွင် တည်တည်ငြိမ်ငြိမ်ပင် သူ့အနုပညာကို ဖော်ကျူးနေလေတော့၏။

❑

နောင်တွင် ကျွန်တော်သည် 'ကော့ခရိမ်း' ကို ဤအနုပညာရပ်နှင့်ပတ်သက်၍ မေးခွန်းများ မေးခွင့်ကြုံခဲ့သည်။ 'ကော့ခရိမ်း' ကား ကျွန်တော့်အမေးများကို တုံးတိတိပင် အဖြေပေးခဲ့သည်။

"ဩော် . . . ခင်ဗျားက နာကျင်မှာကို မေးတာလား၊ မစိုးရိမ်ပါနဲ့ဗျာ၊ နာမှာမဟုတ်ပါဘူး၊ ဖြစ်လိုက်ရင် အသေပဲ၊ ပွဲချင်းပြီးပဲ"

ရင်တုန်စရာကောင်းလှသော အနုပညာပါတကား။

ဤအနုပညာသည် အမေရိကန်နိုင်ငံတွင် နေရာအပေးခံရဆုံး အနုပညာရပ်များတွင် မပါဝင်ပါ။ အမေရိကန် လူထုအများစုသည် ကြိုးတန်းလျှောက်ခြင်းကို ရယ်ရွှင်ဖွယ် စတန့်တစ်ခုဟုသာ သဘောထားကြသည်။ သူတို့အာရုံတွင် အထင်ကြီးစွာ နေရာယူထားသူများကား အက်ရှင်သရုပ်ဆောင်များသာ ဖြစ်၏။

စင်စစ် ကြိုးတန်းလျှောက်ခြင်းအနုပညာသည် လွယ်ကူသော ပညာရပ်တစ်ခု မဟုတ်ပါ။ ခြေလက်ကြံ့ခိုင်မှု၊ သတ္တိ၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုနှင့် အင်ဂျင်နီယာအတတ် စသည်တို့ကို ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ တန်ဖိုးထားအပ်သော ရှေးဟောင်းအတတ်ပညာတစ်ရပ်လည်း ဖြစ်သည်။ ရာဇဝင်တွင် ထင်ရှားခဲ့သော ရောမသားများပင် ဤပညာရပ်နှင့်ပတ်သက်၍ လက်တင်စကားလုံးတစ်ခုကို တီထွင်ထားရစ်ခဲ့သေးသည်။ ambulare သည် လမ်းလျှောက်ခြင်း။

❑

ကမ္ဘာ့အတော်ဆုံး ကြိုးတန်းလျှောက်သမား 'ကော့ခရိမ်း' ၏ ဘဝဖြစ်စဉ်တွင် စွန့်စားမှု၊ စွန့်လွှတ်မှုများစွာက နေရာယူနေလေသည်။

သူသည် ကနေဒါနိုင်ငံ 'အွန်တဲရီးယိုး' မြို့တွင် ကြီးပြင်းခဲ့ရသည်။ သူ (၈) နှစ်သားအရွယ်တွင် ကြိုးတန်းပေါ်တွင် ကျွမ်းထိုးပြနေသော လူတစ်ယောက်ကို မြင်ဖူးခဲ့သည်။ 'ကော့ခရိမ်း' သည် ထိုလူကို လွန်စွာအားကျသွားလေသည်။ သူ့အမေကို ချက်ချင်းပြောလိုက်သည်။

"မေမေရေ . . . ကျွန်တော်ကြီးလာရင် အဲလိုလုပ်မယ်"

အိမ်ပြန်ရောက်သည်နှင့် ကော့ခရိမ်းလေးသည် မီးဖိုချောင်ထဲ

တွင် အလုပ်များလေတော့သည်။ ကုလားထိုင်နှစ်လုံးပေါ်တွင် တံမြက်စည်းကိုတင်သည်။ တံမြက်စည်းပေါ်တွင် လမ်းလျှောက်သည်။ ပြီးနောက် အဝတ်ကြိုးတန်းပေါ်တွင် လျှောက်သည်။

ဝါသနာဗီဇသည် ချုံးနှိမ်၍မရလောက်အောင် ထကြွလာသည့်အသက် (၁၄) နှစ်အရွယ်တွင်ကား ကော့ခရိမ်းသည် အိမ်မှထွက်ပြေးခဲ့လေသည်။ 'ဟန်နီဖော့' ဟုခေါ်သော မြင်းအလှစီးနှင့် လေဟုန်စီးပြကွက်များကိုပြသော အဖွဲ့တွင် သူအလုပ်ဝင်ခဲ့သည်။ အောက်ခြေသိမ်းအလုပ်တွေ လုပ်ရသည်။ မြင်းထိန်း၊ မြင်းချေးကျုံး စသည်ဖြင့်။ သည့်နောက်တွင် သူသည် ကောင်းကင်ဘားကစားသူ ဖြစ်လာသည်။ နောက် ဝါယာကြိုးတန်းပေါ်တွင် လမ်းလျှောက်သမား ဖြစ်လာလေသည်။

❑

၁၉၆၅။ 'ကော့ခရိမ်း' ၂၃ နှစ်ပြည့်သော နှစ်။ ကံဆိုးမိုးမှောင်ကျသောနှစ်။ ဝါယာကြိုးတန်းပေါ်မှ သူပြုတ်ကျခဲ့သည်။ ကြိုးက မသေမသပ် တပ်ဆင်ထား၍ဖြစ်သည်။ ကော့ခရိမ်း၏လက်တွေ ကျိုးသည်။ ခြေထောက်တွေ ကျိုးသည်။ ဆီးခုံရိုး၊ နံရိုးများပင်မကျန် ကျိုးခဲ့သည်။ လေးနှစ်ကြာ အနားယူခဲ့ရသည်။

ဝါသနာအတွက် ပေးဆပ်ခဲ့ရသည်က ဆိုးလွန်းလှသည်။ သို့သော် ကော့ခရိမ်းကား စိတ်ပျက်မသွား။ ကြိုးတန်းလျှောက်ခြင်းကို ပြန်လေ့ကျင့်သည်။ ကောင်းကင်ဘားကိုကား ကစား၍မရနိုင်တော့။ သူ့ခြေဖနောင့်ရိုးနှင့် ခြေချောင်းများ၏ ကြံ့ခိုင်မှု၊ ပျော့ပျောင်းမှုတို့သည် ကောင်းကင်ဘားကစားရန် မည်သို့မျှ မတတ်နိုင်တော့သော အခြေအနေသို့ ရောက်

ရှိသွားလေပြီ။ ထို့ကြောင့်လည်း ကောင်းကင်ပြာ ဝါယာကြိုးတန်းပေါ်တွင် လမ်းလျှောက်ခြင်းတစ်ခုတည်းကိုသာ ကော့ခရိမ်း အာရုံစိုက်တော့သည်။

❑

၁၉၇၅။ ပွဲစီစဉ်သူတစ်ယောက်က ကော့ခရိမ်းကို ဖိတ်ကြားခဲ့သည်။ တိုရွန်တိုမြို့ လမ်းတစ်လမ်းပေါ်တွင် (၄၄၂) ပေအမြင့်မှနေ၍ သူကြိုးတန်းလျှောက်ရမည်။ ကော့ခရိမ်းသည် ပွဲစဉ်ကို ချက်ချင်းလက်ခံလိုက်သည်။

ပွဲစတော့မည်။ ကြောက်စိတ်တို့သည် ကော့ခရိမ်း၏ရင်ထဲသို့ စီးဝင်သည်။ တုန်လှုပ်နေသော ကော့ခရိမ်းသည် သူ့ကိုယ်သူ စိတ်တွင်းမှ ပြန်မေးမိသည်။

"ဟေ့ . . . ကော့ခရိမ်း၊ ဒါဟာ အန္တရာယ်များတဲ့ အလုပ်ဆိုတာ မင်းသိတယ်နော်၊ ဒါကို မင်းမလုပ်လို့ကော ဘာဖြစ်သွားမှာလဲကွ"

သူသည် ကိုယ့်ကိုယ်ကို မေးခွန်းထုတ်နေစဉ် ကြိုးတန်းအောက်သို့ ငုံ့ကြည့်လိုက်သည်။ ထောင်ချီနေသော ရွှေပွဲလာပရိသတ်ကြီး။ သူ့ကို မျှော်လင့်စောင့်စားနေကြသည်။ ကော့ခရိမ်း သိလိုက်ပြီ။ သူဆက်လျှောက်ရတော့မည်။ သူ့မှာ ရွေးစရာလမ်းမရှိတော့။

သူ အားတင်းလိုက်သည်။ သတ္တိတွေ တဖြည်းဖြည်း ဝင်လာသည်။ မျက်လုံးများကို ကော့ခရိမ်းမှိတ်လိုက်သည်။ ကြိုးတန်းပေါ်သို့ သူပြေးတက်ခဲ့သည်။

မျက်လုံးများကို ကော့ခရိမ်း ဖွင့်လိုက်သောအခါ စလျှောက်ရာ

အဆောက်အအုံနှင့် အတော်ဝေးခဲ့ပြီဆိုသည်ကို သူသိလိုက်သည်။ မည်မျှ ဝေးသည်ဆိုသည်ကို သူမပြောနိုင်။ ရှေ့ကို အာရုံစူးစိုက်လိုက်သည်။ ကြောက်စိတ်တွေ တစ်ရွေးသားမျှ မရှိတော့။ သူတည်ငြိမ်နေပြီ။ ဆက်လျှောက်သည်။ လက်ခုပ်ဩဘာသံတွေကြားမှာ ကော့ခရိမ်း၏ ကြိုးတန်းလျှောက်ပွဲအောင်မြင်စွာ ပြီးဆုံးခဲ့လေပြီ။

ကော့ခရိမ်းသည် တိုရွန်တိုလမ်းလျှောက်ပွဲကို ပြန်ပြောင်းပြောပြရင်း ဘဝသင်ခန်းစာတစ်ခုကိုပါ ထုတ်ပြခဲ့လေ၏။

"တကယ်တော့ ဘဝဆိုတာ ကြိုးတန်းလျှောက်သလိုပါပဲဗျာ၊ တစ်ကြိမ်မှာ တစ်လှမ်းလှမ်း၊ နောက်ကိုတော့ ဘယ်တော့မှ လှည့်မကြည့်လေနဲ့"

❑

စင်စစ် ဆပ်ကပ်ထဲတွင် ကြိုးတန်းလျှောက်ခြင်းနှင့် ကောင်းကင်ပြင် ကြိုးတန်းလျှောက်ခြင်းတို့တွင် အရေးပါသော ကွဲပြားခြားနားချက်များ ရှိကြပါသည်။

ဆပ်ကပ်ထဲတွင် ကြိုးတန်းလျှောက်ခြင်းသည် ရုံတွင်းပြပွဲမျှသာဖြစ်၍ ကြိုးများကို တယောကြိုးများကဲ့သို့ တင်းစွာဆွဲချည်ထားနိုင်သည်။ အမြင့်ပေမှာလည်း (၁၀၀) အောက်သာ ဖြစ်သည်။ အတွေ့အကြုံရှိလျှင် လွယ်ကူသက်သာစွာပင် လျှောက်သွားနိုင်သည်။

ကောင်းကင်ပြင် ကြိုးတန်းလျှောက်ခြင်းကား ဤသို့မဟုတ်။ တိကျသော သတ်မှတ်ပုံစံမရှိ။ အမြင့်ဆုံး အဆောက်အအုံများ၊ မျှော်စင်များ စသည်တို့တွင် ချည်နှောင်ထားရတတ်သည်။ ထို့ကြောင့် ကြိုး၏ပုံစံ

သည် တင်းမနေ။ အားရပါးရ ပြုံးနေသော အပြုံးတစ်ခုပမာ တွဲအိကျလျက် ရှိသည်။ အမြင့်ပေကိုသာ အာရုံစိုက်ရသည်မဟုတ်။ လေတိုက်နှုန်းကိုလည်း ဂရုစိုက်ရသည်။ ရေပြင်ကို ရောင်ပြန်ဟပ်၍ ထွက်လာသော နေရောင်ကိုလည်း မေ့ထား၍မရ။

ကြိုးတန်းပေါ်မှ ပြုတ်ကျပြီးကတည်းက ကော့ခရိမ်းသည် သူလျှောက်မည့်ကြိုးတန်းကို သူကိုယ်တိုင် တပ်ဆင်လေတော့သည်။ ဝါယာကြိုးတပ်ဆင်ခြင်းအတတ်ပညာကို အင်ဂျင်နီယာဝေါဟာရများကို အသုံးပြု၍ ကော့ခရိမ်းသည် ကျွန်တော့်ကို သေသေချာချာ ရှင်းပြခဲ့လေသည်။

"တကယ်တော့ ကြိုးတန်းတပ်ဆင်တယ်ဆိုတာ ကြိုးတံတားတစ်ခုကို တည်ဆောက်ရသလိုပါပဲဗျာ၊ ကြိုးကို အပေါ်ကိုပင့်ပြီး မချည်ရဘူး၊ အောက်ကို ဆွဲချပြီးချည်မှ စိတ်ချရတာ"

ကော့ခရိမ်းပြောပြသည့်အတိုင်းဆိုလျှင် ကြိုးတန်းတပ်ဆင်ခြင်းမှာပင် ဂရုစိုက်စရာ များစွာရှိနေလေသည်။ စတီးရည်စိမ်ထားသော ကေဘယ်ကြိုးများ၊ ဝိုင်ယာကြိုးများကို သေချာစွာ ဂရုစိုက်ချည်နှောင်ရသည်။ ဝိုင်ယာကြိုး၏ တစ်ဖက်တစ်ချက်စီတွင် သဲထည့်ထားသည့် တန် (၇၀) အလေးချိန်ရှိသော ကွန်တိန်နာများကို ကျောက်ဆူးကဲ့သို့ ချထားရသည်။ လမ်းလျှောက်ရာတွင် ကြိုးယိမ်းနွဲ့မသွားစေရန် ကြိုးကို ဆွဲတင်းပေးရသည့် လက်ထောက်များ၏ တာဝန်ကလည်း မသေးလှပေ။

❑

ကျွန်တော်သည် ဖလော်ရီဒါ ပန်းခြံ၏ ကောင်းကင်ယံကို ငေးကြည့်နေမိသည်။ ကော့ခရိမ်းသည် ကြိုးတန်းပေါ်တွင် လမ်းလျှောက်နေ

သည်။ ပရိသတ်ကား တီးတိုးတီးတိုး ပြောဆိုနေကြသည်။

ပေ (၃၀) ရှည်၍ အလေးချိန် ပေါင် (၅၀) လေးသော ဟန်ချက်ထိန်းတုတ်ကို ကိုင်ထားသည်။ လက်များကို ချဲ့ကားကာ လက်ဖဝါးကို ရှေ့ဘက်သို့ လှည့်ထားသည်။ သူ့မျက်လုံးများကား ရှေ့ဘက် (၁၅) ပေကိုသာ အာရုံစူးစိုက်လျက် ရှိသည်။

တစ်ခါတစ်ရံတွင် ဝါယာကြိုးက လှုပ်လေသည်။ ဝါယာကြိုးအကြောင်းကို ကော့ခရိမ်းက ရှင်းပြခဲ့သည်။

"ဝါယာကို သေသေချာချာ ဂရုစိုက်ရတာဗျ၊ ဝါယာက လူကို သူ့အပေါ်မှာ ရှိနေစေချင်သလို ဖြုတ်ချလို့လည်း ပစ်နိုင်တယ်ဗျ"

ကြိုးတန်းပေါ်တက်စတွင် ကော့ခရိမ်းသည် ကိုယ်ကို မတ်မတ်ထား၍ တက်လေသည်။ လက်ထောက်များက ကြိုးတန်းကို တင်းလာစေရန် ဆွဲပေးသည်။ ကြိုးတန်း၏ အခြေအနေကိုကြည့်ကာ သူလျှောက်လှမ်းရသည်။

ကြိုးတန်းအလယ်ရောက်သောအခါ သူက လက်တစ်ဖက်နှင့် ခြေတစ်ဖက်ကို မြှောက်လိုက်သည်။ ပြီးနောက် ရွှေပွဲလာပရိသတ်ကို အလေးပြုလိုက်သည်။ အော်ဟစ်သံတွေ၊ သြဘာသံတွေ သောင်းသောင်းညံလေ၏။

❑

ကြိုးတန်းလျှောက်ခြင်း အတွေ့အကြုံကို 'ကော့ခရိမ်း' က ပွင့်လင်းစွာ ဝန်ခံခဲ့လေသည်။

ကြိုးတန်းပေါ်တက်စအချိန်တွင် သူ့ရင်ထဲသို့ စိုးရိမ်စိတ်၊ ကြောက်

နှဲ့စိတ် အနည်းငယ် ဝင်ပါသည်တဲ့။

သို့သော် ပျော့ညံ့စိတ်တို့ ဝင်မလာစေရန် သူဖယ်ရှားနိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း သူသည် ဝါယာကြိုးတစ်ဖက်စွန်းသို့ အရောက်သွားကာ အောင်မြင်မှုသရဖူကို ရယူနိုင်ခဲ့လေသည်။ ကြောက်စိတ်ကို ဖြေဖျောက်နိုင်ခြင်းက သူ့ကို ကြိုးတန်းထက်တွင် တည်မြဲစေနိုင်ခဲ့သည်။

လေထန်နေသောအခါမျိုးတွင် 'ကော့ခရိမ်း' ကြိုးတန်းမလျှောက်ပါ။ တစ်နာရီ မိုင် (၂၀) နှုန်း တိုက်ခတ်သော လေကိုပင် သူစဉ်းစားရသည်။

အသက်ကို ဉာဏ်စောင့်သည်။ အတွေ့အကြုံနှင့် အာရုံကို လွှာ၍စဉ်းစားကာ ပွဲစဉ်ဖျက်သိမ်းခြင်းကိုလည်း ပြုလုပ်ရသည်။ ပွဲစဉ်သည် လေတိုက်နှုန်းတစ်ခုတည်းအပေါ်တွင် အခြေပြုနေသည်တော့ မဟုတ်ပါ။ ဝါယာကြိုးတွင် အစိုဓာတ်ရှိနေလျှင်လည်း အန္တရာယ်ရှိသည်။ ပွဲစဉ်ကို ဖျက်သိမ်းပစ်ရသည်။ မိုးရွာထဲတွင် ကြိုးတန်းလျှောက်လျှင်ကား သေပွဲဝင်ရမည်မှာ သေချာသည်။ ထို့ကြောင့်လည်း မိုးရွာလျှင် ပွဲစဉ်ပျက်လေသည်။

"လေထဲရောက်နေတဲ့ကိစ္စဟာ ရယ်စရာနဲ့ ဘာမှမဆိုင်ဘူးဗျ၊ သိပ်အန္တရာယ်များတဲ့ကိစ္စ"

'ကော့ခရိမ်း' က လေးနက်စွာ ပြောခဲ့သည်။

'ကော့ခရိမ်း' သည် ကြိုးတန်းလျှောက်ပွဲတိုင်းတွင် သူ၏ တည်ငြိမ်မှု၊ သတ္တိရှိမှု၊ စစ်ဆေးမှုတို့ကို အဖော်ပြုကာ အန္တရာယ်စက်ကွင်းများကို ရှောင်ရှားနိုင်ခဲ့သည်။ မတော်တဆ ဝါယာကြိုးသာပြတ်ကျလျှင် 'ကော့ခရိမ်း' တစ်ဦးတည်းသာ သေမည်မဟုတ်။ အောက်မှ တမော့မော့နှင့် ရှုစားနေကြသော ရွှေပွဲလာပရိသတ်များအတွက်လည်း အန္တရာယ်

ရှိနိုင်ပါသည်။

ယခုပွဲနှင့်ဆိုလျှင် ကြိုးတန်းလျှောက်ဆရာကြီး 'ကော့ခရိမ်း' ၏ ပွဲစဉ်သည် (၁၀၀) ကျော်ခဲ့ပြီ။ အားကစားရုံများ၊ မိုးမျှော်တိုက်များ၊ ဝေ့ါဒစ်စနေကမ္ဘာ စသဖြင့် နေရာစုံ လျှောက်ခဲ့သည်။ ဝါယာကြိုးပေါ်မှ ကျလုလုအဖြစ်မျိုးကို ဘယ်သောအခါမှ သူမကြုံတွေ့ခဲ့ရ။

'ကော့ခရိမ်း' သည် မည်သူမျှမလုပ်နိုင်သော ကြောက်စရာ အလုပ်ကို သည်းထိတ်ရင်ဖို လုပ်ပြခဲ့သည်။ ဤမျှအန္တရာယ်များသော အလုပ်မျိုးကို အဘယ်ကြောင့် သူလုပ်ခဲ့လေသနည်း။

ကော့ခရိမ်းကမူ ကြိုးတန်းလျှောက်ခြင်းသည် ကိုယ့်ကိုယ်ကို ယုံကြည်မှုကို မြင့်မားစေသကဲ့သို့ အခြားသူတို့အပေါ်တွင်လည်း ယုံကြည်မှုစွမ်းအား ပွားများထင်ဟပ်နိုင်သည်ဟု ခိုင်မာစွာ ယူဆထားလေသည်။

"တကယ်တော့ လူကုဋေကုဋာမှာ တစ်ယောက်လုပ်နိုင်ဖို့ ခဲယဉ်းတဲ့၊ အန္တရာယ်များတဲ့ ကြောက်စရာကိစ္စကြီးကို ကျွန်တော်လုပ်နေတာပါ။ သူတို့အတွက် သတ္တိစိတ်ကို နည်းနည်းလေးမွေးပေးနိုင်တယ်ဆိုရင်တောင် ကျွန်တော် ကြိုးတန်းလျှောက်ရကျိုးနပ်ပါပြီ။ လူတွေက ထင်ကြတယ်၊ ကျွန်တော် ကြောက်နေ၊ တုန်လှုပ်နေမှာပဲလို့လေ၊ ဒါပေမယ့် ခင်ဗျား အမြင်ပါပဲ၊ ကျွန်တော်ဟာ ကြိုးတန်းပေါ်ကို ရဲရဲဝံ့ဝံ့ ထွက်လာခဲ့တယ် လေ"

ဝါယာကြိုး၏ နောက်ဆုံးကို ရောက်တော့မည်။ တောင်တက်သမားတစ်ယောက်လို ခန္ဓာကိုယ်ကို ခပ်ကိုင်းကိုင်းထား၍ လျှောက်နေသော သူ့ဟန်ပန်ကို ကျွန်တော်မြင်နေရသည်။ မိနစ် (၂၀) အတွင်းမှာပင် သူသည် ခရီးဆုံးပန်းတိုင်ဆီသို့ ရောက်သွားလေသည်။ ဝက်ဝက်ကွဲ အားပေးနေသော ပရိသတ်၏ လက်ခုပ်သံသည် သိမ့်သိမ့်တုန်သွားပြန်

သည်။

□


ပွဲပြီးသွားပြီ။ 'ကော့ခရိမ်း' ကြိုးတန်းပေါ်မှ ဆင်းသွားပြီ။ ကျွန်တော်သည် ကောင်းကင်ပေါ်မှ ဝါယာကြိုးမျှင်တန်းကို ကြည့်နေမိသည်။

အမြင်မှာ ရိုးစင်းလှသည်။ သို့သော် အလုပ်ကား ဆန်းပြားလှ၏။ သူတကယ်လုပ်ခဲ့တာမှ ဟုတ်ပါရဲ့လား။ ကျွန်တော် စဉ်းစားနေမိသည်။

'ကော့ခရိမ်း' တကယ်လုပ်ခဲ့ပါသည်။

ဆန္ဒဇွဲပြင်းထန်သူ၊ ယုံကြည်ချက်မြင့်မားသူ၊ စိတ်ဓာတ်ခိုင်မာသူတစ်ယောက်အဖို့ မဖြစ်နိုင်ဆိုသော အရာသည် မရှိပါတည်း။ ။

မူရင်း။ ။ Shane Peacock ၏ A Walk Across The Sky




# အောင်မြင်သောပုဂ္ဂိုလ်
# ခိုင်မာသောစိတ်ဓာတ်

## ဘဝအောင်မြင်ရေးစာစုများ

သရုပ်ဖော်ပန်းချီနန္ဒာလှိုင်